ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့ (5-2-2012) (၇၀၂၆)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

အမှာစကား ပြောကြား

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း နည်းပညာ တက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး) အစည်းအဝေး ခန်းမ၌ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့သိရှိထားသည့်ပညာသည် မနက်ဖြန်ခေတ်နောက်ကျသွားနိုင်သည်ကို အထူးသတိပြု နိုင်ငံတကာပညာဝန်းကျင်ဖြင့် ချိတ်ဆက်နိုင်သမျှ ချိတ်ဆက်ထားနိုင်မှ ခေတ်မီပညာရှင်များ ဖြစ်နေမည်

နေပြည်တော်   ဖေဖော်ဝါရီ   ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲ များ လိုက်ပါလျက် ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးများလိုက်ပါလျက် ပြင်ဦးလွင်မြို့နယ်ရှိ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)သို့ ရောက်ရှိကြသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရတနာပုံမြို့သစ် စီမံကိန်းရှိ ရတနာပုံတယ်လီပို့၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယနေ့ သတင်း အညွှန်း

GSM/UMTS မိုဘိုင်းလ်တိုးချဲ့တပ်ဆင်ရေး ပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

“ ၂၀၁၂ ခုနှစ် မတ်လအတွင်း GSM/UMTS မိုဘိုင်းလ်ဖုန်းများ စတင်ရောင်းချနိုင်ရေးကို ညှိနှိုင်းဆွေးနွေး ”

ပြည်တွင်းသတင်း စာမျက်နှာ ၃

ရင်သွေးငယ်များအတွက် ကာကွယ်ဆေးထိုး လုပ်ငန်း၏ “ကာကွယ်ဆေးအသစ်”

“ မြန်မာ့ရင်သွေးငယ်များအတွက် ရောဂါရှစ်မျိုး၏ အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်တော့မည် ”

ဆောင်းပါး စာမျက်နှာ ၆

အီတလီနိုင်ငံတစ်ဝန်း၌ ဆီးနှင်းဖုံးလွှမ်းမှုကြောင့် ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထိခိုက်

“ ရောမမြို့ရှိ ကမ္ဘာလှည့်ခရီးသွားများ အလည်အပတ်လာရောက်လေ့ရှိသော သမိုင်းဝင်နေရာများကိုလည်း ပိတ်ထားရကြောင်း ”

နိုင်ငံတကာသတင်း စာမျက်နှာ ၇

ကြေးမုံစာတည်းရှုထောင့်

၅-၂-၂၀၁၂ [တနင်္ဂနွေနေ့]။

စိတ်ကောင်းနှင့်ယှဉ် ရွေးရှုနှင်လော့

ရောင်စုံဖူးပွင့်နေသော ပန်းဥယျာဉ်ကြီးတစ်ခုသဖွယ် ဖန်တီးရာတွင် ဥယျာဉ်မှူးနှင့် ဥယျာဉ်လုပ်သားအားလုံး တက်ညီလက်ညီ အလုပ်လုပ်ခဲ့ကြသည်။ ရောင်စုံပန်းကလေးများ ပွင့်လန်းလာအောင် ဥယျာဉ်မှူးက နည်းစနစ်ကျနစွာ စီမံခန့်ခွဲမှု၊ အသေးစိတ်ကြပ်မတ်မှု၊ အနီးကပ်စောင့်ကြည့်မှုနှင့်တကွ လုပ်သားအားလုံး တက်ညီလက်ညီ ဆောင်ရွက်မှုနှင့် တစ်သားတည်းဖြစ်မှုတို့ကြောင့် ပန်းဥယျာဉ်သို့ ရောက်ရှိလာသူအားလုံး၏ ရင်တွင် ဘဝင်ချမ်းမြေ့နှလုံးတွေ့စေခဲ့ပါသည်။

ရောင်စုံပွင့်သော ပန်းဥယျာဉ်ကြီးသည် အများသူငါ အပန်းဖြေစရာ ဖြစ်ပါသည်။ အများသူငါ အကျိုးအတွက် စိတ်ထားကောင်း၊ စေတနာကောင်း၊ ဝီရိယကောင်းတို့ဖြင့် ဆောင်ရွက်ခြင်းဖြင့် ရည်ရွယ်ချက်ကောင်းသို့ ရောက်ရှိစေပါသည်။ အများပြည်သူများလည်း စိတ်ချမ်းသာ၊ မိမိလည်း စိတ်နှလုံးချမ်းမြေ့စေသော ကံ ကံ၏အကျိုးကို ရရှိစေပါသည်။

ထိုနည်းတူစွာ ရောင်စုံပွင့်သော ပန်းဥယျာဉ်ကြီးနှင့်တူသည့် အမိမြန်မာပြည်ဥယျာဉ်ကြီး လှပဝေဆာအောင်ခြယ်မှုန်းကြရာတွင် လူအမျိုးမျိုး စိတ်အထွေထွေတို့၏ လိုအင်နှင့်ဆန္ဒ တစ်ထပ်တည်းကျအောင် ပြုလုပ်ရသည်မှာ လွယ်ကူသော အလုပ်မဟုတ်ပါ။ အများ၏ဆန္ဒနှင့်လိုက်ဖက်ဆီလျော်အောင် စီမံတတ်သည့် ပန်းပျိုးသောလက်ကဲ့သို့ ပြုပြင်မွမ်းမံတတ်ဖို့ အများကြိုက်အောင် လုပ်တတ်ဖို့ လိုပါသည်။

မိမိရည်မှန်းချက်လည်း မပျောက်၊ အများလည်း စိတ်ချမ်းမြေ့အောင် ဆောင်ရွက်ရာ၌ **“အများအကျိုး ရွက်သယ်ပိုးက ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း မရွံ့မစောင်း ကိုယ့်လမ်းကြောင်းကို စိတ်ကောင်းနှင့်ယှဉ် ရွေးရှုနှင်လော့”** ဟူသော ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အဆုံးအမအတိုင်း မည်သူ့တရားပျက်ပျက် ကိုယ်မပျက်၊ ရည်ရွယ်ချက်ကောင်းကောင်း၊ စိတ်ထားကောင်းကောင်းဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်ဖို့ လိုပါသည်။

ဥယျာဉ်မှူးသည် အများအကျိုးကို စိတ်ကောင်းနှင့်ယှဉ်ကာ သယ်ပိုးဆောင်ရွက်ပေးနေချိန်တွင် ပန်းပျိုးသူများအားလုံးကလည်း ဥယျာဉ်မှူးနှင့် တစ်သားတည်း ပျိုးထောင်စိုက်ပျိုးတတ်ကြဖို့ လိုပါသည်။ သို့မဟုတ်လျှင်မူ အများသူငါ၏ ကဲ့ရဲ့မှု၊ ပြစ်တင်မှုကို ခံကြရမည်ဖြစ်ပါသည်။ ထိုသို့ မခံကြရအောင် ဥယျာဉ်မှူး၏ ရည်မှန်းချက်အတိုင်း တက်ညီလက်ညီဆောင်ရွက်ကြဖို့ လိုပါသည်။

ယနေ့ကာလ နိုင်ငံတော်ကြီးကို အများဆန္ဒဖြင့် ဖြည့်စွမ်းနိုင်ရန် တက်ညီလက်ညီ ထုဆစ်ပုံဖော်ကြရာတွင် ပြုပြင်ပြောင်းလဲမှုများ မြောက်မြားစွာဖြင့် လှပအောင် ခြယ်မှုန်းလျက် ရှိနေကြပါသည်။ သို့ရာတွင် အချို့သော ပန်းစိုက်သမားတို့၏ ပျိုးထောင်မှုက ဥယျာဉ်မှူး၏ ရည်မှန်းချက်နှင့် သွေဖည်လျက်ပင်ရှိသေးသဖြင့် ခနိုးခနဲ့ ဆိုကဲ့ရဲ့ခံရမှုများလည်း ရှိနေပါသေးသည်။ ထို့ကြောင့် ဥယျာဉ်ကြီးကို ထိခိုက်စေနိုင်ပါသည်။

ရည်ရွယ်ချက်ကောင်းကောင်းဖြင့် အများသူငါ ချမ်းမြေ့စေအောင် မြေတောင်မြှောက်ပျိုးထောင်လျက်ရှိသော အချိန်အခါသမယတွင် ဥယျာဉ်မှူး၏ ရည်မှန်းချက်အတိုင်း ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမည့်အချိန်အခါ ဖြစ်ပါသည်။ မိမိ၏ အတွေးအခေါ်ဟောင်း၊ အယူအဆဟောင်းများကို ဖယ်ရှား၍ အများအကျိုးကို ရွက်သယ်ပိုးကြရပါမည်။

သို့ဖြစ်ရာ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာနေသော ဥယျာဉ်ကြီးအတွင်းဝယ် အများသူငါ နှလုံးစိတ်ဝမ်းချမ်းမြေ့စေနိုင်မည့် လုပ်ဆောင်မှုမျိုး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဥယျာဉ်မှူး၏ ချမှတ်ထားသောရည်မှန်းချက်အတိုင်း တညီတညွတ်တည်း ဝိုင်းဝန်းပြုပြင်လုပ်ကိုင်ဆောင်ရွက်ကြပြီး ဥယျာဉ်ကြီးအား စိတ်ကောင်းနှင့်ယှဉ် ရွေးရှုနှင်ကာ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်မြို့၌ ၁၄-၁-၂၀၀၅ ရက်က ပျံလွန်တော်မူသော ဦးကောဏ္ဍည(ခ)ဦးကြည်ဝင်းအား ရည်စူး၍ ဇနီးဒေါ်သန်းမြင့် မိသားစုမှ တစ်နေ့စာအာဟာရ ကျွေးမွေးရန်အတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ် တစ်သိန်း လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အေဘယ်လ်(ငြိမ်း) လက်ခံယူစဉ်။

(ကြေးမုံ)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့၏ (၁/၂၀၁၂) အစည်းအဝေး၌ သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၁၂)အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

သာသနာရေးဝန်ကြီးဌာန နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၂) အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှေးဦးစွာ သဘာပတိနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဂုဏေသနက အဖွင့်သြဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပခဲ့သည့် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၁) အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူပြီး (၂/၂၀၁၁)အစည်းအဝေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က တင်ပြသည်။

ယင်းနောက် (၁/၂၀၁၂)အစည်းအဝေး၏ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေးဆုံးဖြတ်ခြင်း၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့(ရန်ကုန်-မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)နှင့်အတူ တည်ရှိလာခဲ့သော သာသနိကအဆောက်အအုံများကိစ္စ ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် အထွေထွေကိစ္စများကို ဆွေးနွေးကြပြီး သဘာပတိဆရာတော်က နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားတော်မူသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၇၀၀	၀. ၀၃၂၃၉
တရုတ် (ယွမ်)	၆. ၃၀၆၃၀	၀. ၁၅၈၅၇
အိန္ဒိယ (ရူပီး)	၄၈. ၆၀၅၀	၀. ၀၂၀၅၇
မလေးရှား (ရင်းဂစ်)	၃. ၀၁၀၀၀	၀. ၃၃၂၂၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၁၈၅	၀. ၈၀၅၂၅
ဂျပန် (ယန်း)	၇၆. ၆၀၅၀	၀. ၀၁၃၀၈
တောင်ကိုရီးယား(ဝမ်)	၁၁၁၂. ၄၅	၀. ၀၀၀၉၀
ယူရို	၀. ၇၆၀၀၀	၁. ၃၁၅၇၉
ဗြိတိသျှ (ပေါင်)	၀. ၆၃၂၀၇	၁. ၅၈၂၁၀

အင်တာနက်။

အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၁ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ကျင်းပလျက်ရှိရာ ပွဲတော်ကာလအတွင်း မြန်မာ့ရိုးရာခြင်းအလှ ခတ်နေသူများအား တွေ့ရစဉ်။ (ကြေးမုံ)

ကျောက်ကြီးမြို့နယ်၌ အထွက်နှုန်းကောင်း ဆင်းရွှေလီစပ်မျိုးစပါး စိုက်ပျိုး

ကျောက်ကြီး ဖေဖော်ဝါရီ ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်၌ အထွက်နှုန်းကောင်းမွန်သည့် ဆင်းရွှေလီစပ်မျိုးစပါးများကို သိပ္ပံနည်းကျ GAP စနစ်ဖြင့် ဇန်နဝါရီ ၂၃ ရက်က မအူပင်ဆိပ်ကျေးရွာ တောင်သူဦးဇော်မင်း၏ လယ်မြေ၌ စိုက်ပျိုးခဲ့သည်။

အဆိုပါလက်တွေ့နည်းပညာပေးစိုက်ပျိုးပြသပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် မြို့နယ်စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးအောင်ကျော်၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူဦးကြီးများက လေ့လာကြည့်ရှုကြသည်။ တောင်သူလယ်သမားများအနေဖြင့် သမားရိုးကျစိုက်နည်းစနစ်များထက် ထွက်နှုန်းကောင်းမွန်သည့် မျိုးစပါးများ၊ မြေယာပြုပြင်ခြင်းတို့ကို စိတ်ဝင်စားမှုများပြားပြီး သက်ဆိုင်ရာစိုက်ပျိုးရေးပညာရှင်များ၏ အကူအညီဖြင့် ကြိုးစား၍ ဆက်လက်အကောင်အထည်ဖော်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ ကိုလွင်(ဆွာ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၂-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၅ ၁။ တရားတော်
- ၇း၁၅ ၂။ ဓမ္မပူဇာတေး
- ၇း၂၀ ၃။ မျိုးချစ်စိတ်ဓာတ်
- ၇း၂၅ ၄။ အေးချမ်းသာယာပြည်မြန်မာ
- ၇း၃၀ ၅။ ဖိတ်ခေါ်ပါသည်ရာမညဆီ
- ၇း၄၅ ၆။ အေးချမ်းသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

- ၁၁း၁၀ ၁။ မျိုးချစ်တပ်မတော်
- ၁၁း၂၀ ၂။ **ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၂၈)**
- ၁၁း၄၀ ၃။ အေးချမ်းသာယာပြည်မြန်မာ
- ၁၁း၅၀ ၄။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ပြေးလမ်းအဆုံးမှာ**
- ၁၂း၅၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၁၂း၅၅ ၆။ စိုက်ပျိုးသုတ
- ၁း၁၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၁း၂၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၅၇)**

ညပိုင်း

- ၄း၁၀ ၁။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၂။ စိုက်ပျိုးသုတ
- ၅း၁၀ ၃။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၀၀ ၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၆း၅၀ ၆။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၂)**
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၉။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၁၀။ ပဟေဠိနန်းတော်
- ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကွန်းခိုရာ (အပိုင်း-၇)**
- ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၁၉)**

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ထုတ်ပေးခြင်းများ လုပ်ဆောင်သွားဦးမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ထုတ်ပေးခြင်းလုပ်ငန်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက စီမံချက် အဆင့်-၂ အဖြစ် သတ်မှတ်ကာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံချက်ကို မိုးပွင့်အဆင့်-၂ စီမံချက်အဖြစ် သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခင်မိုးပွင့်အဆင့် -၁ စီမံချက်ကဲ့သို့ ဖြေလျှော့နည်းလမ်းများနှင့် သတ်မှတ်နှုန်းထားများအတိုင်း အများပြည်သူတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ထုတ်ပေးရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဓာတ်ပုံရိုက်ခ၊ မိတ္တူကူးခ၊ သွေးစစ်ခများကိုလည်း ဈေးနှုန်းကြီးမြင့်မှုမရှိစေရန် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများမှ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ ယခင် မိုးပွင့် အဆင့်-၁ စီမံချက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၅၉၅၃ ကတ် ထုတ်ပေးခဲ့ပြီး ယခုမိုးပွင့်အဆင့်-၂ စီမံချက်တွင် ဝန်ထမ်းများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌လည်း အင်တိုက်အားတိုက် အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၆၈၀)

မိခင်၊ ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာလုပ်ငန်းများသည် မွန်မြတ်သောလုပ်ငန်းများဖြစ်သကဲ့သို့ ကျယ်ပြန့်သော လုပ်ငန်းလည်းဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်သည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပသည့် ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အားပေး၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ယနေ့ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် လာရောက်တွေ့ဆုံရခြင်းမှာ အသင်းဝင်များ၏ လုပ်ငန်းလုပ်ဆောင်ချက်၊ စွမ်းဆောင်ချက်များကို ကြည့်ရှုအားပေးရန် ဖြစ်ပါကြောင်း။

မိခင်နှင့်ကလေး စောင့်ရှောက်ရေး လုပ်ငန်းသည် မွန်မြတ်သောလုပ်ငန်းဖြစ်သကဲ့သို့ ကျယ်ပြန့်သည့် လုပ်ငန်းလည်းဖြစ်ကြောင်း၊ ထို့အတူ အမျိုးသမီးရေးရာလုပ်ငန်းသည်လည်း အမျိုးသမီးအားလုံး၏ လူမှုရေး၊ စီးပွားရေးစသော ကိစ္စအဝဝများ ပါဝင်သည့်အတွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်းနည်းတူ ကျယ်ပြန့်သောလုပ်ငန်း၊ မွန်မြတ်သည့်လုပ်ငန်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုလုပ်ငန်းများ ဆောင်ရွက်နေကြသည့် အဖွဲ့ဝင်များအနေဖြင့် ဤလုပ်ငန်းများ၏ အခက်အခဲ၊ ပြဿနာများရှိခဲ့လျှင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် ပြောကြားလိုပါကြောင်း။

တင်ပြလာကြသည့် အခက်အခဲ၊ ပြဿနာများအားလုံးကို နေပြည်တော် ပြန်ရောက်သည့်အခါ ဗဟိုမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ဗဟိုအမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့နှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး လိုအပ်ချက်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း။

အသင်းအဖွဲ့နှစ်ခုစလုံး၏ အလုပ်အမှုဆောင်အားလုံး၊ အသင်းအဖွဲ့ဝင်အားလုံး၏ လူမှုရေးစိတ်ဓာတ် အပြည့်အဝဖြင့် စေတနာစိတ်အားထက်သန်စွာ ကိုယ့်အလုပ်၊ ကိုယ့်အချိန်ကိုဖွဲ့ယူပြီး ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မြို့ကိုယ့်ဒေသ အကျိုးကို ဦးစားပေးပြီး စွမ်းစွမ်းတမံအကျိုးဆောင်၊ စွမ်းဆောင်ပေးနေကြသည့်အတွက် အားလုံးကို မိမိအနေဖြင့် အများကြီးဂုဏ်ယူမိပါကြောင်း၊ မိမိနည်းတူ အမျိုးသမီးထုအများစုကလည်း ဂုဏ်ယူနေကြမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေက တိုင်းဒေသကြီးအတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများတွင် မိမိတို့အသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်မှု၊ အသင်းဝင်အင်အားနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြကာ အထွေထွေကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ဇနီးက ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့အတွက် ငွေကျပ် ၁၀ သိန်းစီကို ထောက်ပံ့လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒုတိယသမ္မတ၏ဇနီးနှင့်အဖွဲ့သည် အဆိုပါရုံး၌ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲက ဖွင့်လှစ်ထားသော သိုးမွေးဆွယ်တာစက်ဆွဲသင်တန်းမှ သင်တန်းသူများ၏ ဆွယ်တာရက်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၄)တွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသော မေတ္တာပန်းငုံမူကြိုကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ၏ ကာယ၊ ဉာဏစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုအားပေးပြီး ကလေးငယ်များအား လက်ဆောင်များပေးအပ်သည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့အတွက် အလှူငွေများ ထောက်ပံ့လှူဒါန်းစဉ်။
(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၄)၌ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသော မေတ္တာပန်းငုံ မူကြိုကျောင်းမှ ကျောင်းသား ကျောင်းသူလေးများအား လက်ဆောင်များပေးအပ်စဉ်။ (သတင်းစဉ်)

GSM / UMTS မိုဘိုင်းလ်တိုးချဲ့တပ်ဆင်ရေး ပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီတွင် GSM / UMTS မိုဘိုင်းလ်တိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ ဆောင်ရွက်ပြီး (ပထမအဆင့်)လုပ်ငန်းများ ပြန်လည်သုံးသပ်ညှိနှိုင်းခြင်းနှင့် ဆောင်ရွက်ဆဲ (ဒုတိယအဆင့်)လုပ်ငန်းများ အတည်ပြုစာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို ကျင်းပရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာနှင့် အင်ဂျင်နီယာချုပ်များ၊ စီမံကိန်း၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိကြသော ပုဂ္ဂလိကကုမ္ပဏီ ၂၃ ခုမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စီမံကိန်းပထမနှစ်၏ ဆောင်ရွက်ပြီး ပထမအဆင့်လုပ်ငန်းများကို ပြန်လည်သုံးသပ် ညှိနှိုင်းကြပြီး ၂၀၁၂ ခုနှစ် မတ်လအတွင်း GSM / UMTS မိုဘိုင်းလ်ဖုန်းများ စတင်ရောင်းချနိုင်ရေးကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်တွင်း ပုဂ္ဂလိကကုမ္ပဏီများသည် ဆောင်ရွက်ဆဲစီမံကိန်း (ဒုတိယအဆင့်)လုပ်ငန်းများကို အတည်ပြုလုပ်ငန်းစာချုပ် ချုပ်ဆိုကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

GSM/UMTS မို ဘိုင်းလ် တိုး ချဲ့ တပ်ဆင်ရေး စီမံကိန်း၏ ဆောင်ရွက်ဆဲ(ဒုတိယအဆင့်) လုပ် ငန်း များ အတည်ပြု စာချုပ် ချုပ်ဆိုစဉ်။
(သတင်းစဉ်)

မြန်မာ့ပင်လယ်ပြင်၌ ငါးသယံဇာတ ပြုန်းတီးမှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ရန်လို

ရန်ကုန် ဖေဖော်ဝါရီ ၄

ယခုအခါ မြန်မာ့ပင်လယ်ပြင်၌ အရှေ့မြောက်လေတိုက်ခတ်ပြီး ရေတိမ်ပိုင်း၌ အပူချိန်ကျဆင်းသဖြင့် ငါးများ ရေနက်ပိုင်းသို့ ဆင်းသွားသောကြောင့် ရေငန်ငါးဖမ်းသင်္ဘောများ ယခုရက်ပိုင်းအတွင်း ငါးရရှိမှု နည်းပါးကြောင်း၊ ယခုလ ဒုတိယပတ်ခန့်တွင် လေကြောင်း ပြန်ပြောင်းပြီး ပင်လယ်ပြင်၌ အပူရှိန် တက်လာပါက ငါးများ ရေတိမ်ပိုင်းသို့ ပြန်လာနိုင်သဖြင့် ငါးအထိအမိ ပြန်ကောင်းလာမည်ဟု ယူဆကြောင်းဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောကြားသည်။

ငါးသလောက် ဖမ်းဆီးရာ၌ ယခင်က ဝိုင်းပိုက်စနစ်ဖြင့် ဖမ်းဆီးခဲ့ကြောင်း၊ ဝိုင်းပိုက်အကွဲမှာ ၄ ဒသမ ၃ လက်မ ရှိသဖြင့် ပိုက်အောက်ခြေမှ ငါးများ လွတ်သွားနိုင်သကဲ့သို့ ပိုက်ကွက်ကျဲသဖြင့် ပိုက်ကွက်မှ အရွယ်မရောက်သေးသည့် ငါးများလည်း လွတ်ထွက်နိုင်သဖြင့် ဝိုင်းပိုက်ဖြင့် ဖမ်းဆီးခြင်းသည် ငါးသယံဇာတကို ထိန်းသိမ်းရာလည်းရောက်ကြောင်း သိရသည်။

သို့ရာတွင် ယခုအခါ ငါးသလောက် ဖမ်းဆီးသူများမှာ ဝိုင်းချုပ်ပိုက်စနစ်ဖြင့် ဖမ်းဆီးလာကြကြောင်း၊ ဝိုင်းချုပ်ပိုက်၏ ပိုက်အကွဲမှာ တစ်လက်မခန့်သာရှိသဖြင့် ပိုက်ကွက်စိပ်သောကြောင့် ရေပေါ်ငါးဖြစ်သည့် ငါးသလောက် အကောင်ပေါက် (Baby Fish) အပါအဝင် ပလာတူး၊ ပလာလန်းနှင့် ပြည်တော်သာ အစရှိသည့် ငါးသေးများပါ ဖမ်းဆီးရမိကြောင်း၊ ဈေးကွက်အတွင်း၌ ငါးသလောက်ငါး မရှိသလောက် ရှားပါးနေပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါဝိုင်းချုပ်ပိုက်စနစ်ဖြင့် ဖမ်းဆီးသည့် ငါးဖမ်းသင်္ဘော အရေအတွက်မှာ ပြည်တွင်းပြည်ပမှ သင်္ဘောအစင်း ၆၀ ခန့်ရှိပြီး ငါးဖမ်းကိရိယာများ ခေတ်မီလာသည်နှင့်အမျှ မြန်မာ့ပင်လယ်ပြင်၌ ငါးသယံဇာတများ မျိုးသုဉ်းပျောက်ကွယ်သွားမည်ကို စိုးရိမ်နေရကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် ရေငန်ငါးဖမ်းဆီးသူများက မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတ ပြုန်းတီးမှုမရှိစေရေး အတွက် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်း စောင့်ရှောက်သင့်ကြောင်းဖြင့် ကျွမ်းကျင်သူများက သုံးသပ်ပြောကြားလျက်ရှိသည်။

(ညွှန့်သန်း)

ချင်းတွင်းအသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ချင်းတွင်းအသင်း (ရန်ကုန်)၏ ၂၀၁၂ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် စွယ်တော်စေတီတော် ပရိဝုဏ်အတွင်းရှိ ချင်းတွင်းအသင်း(ရန်ကုန်)၌ ကျင်းပမည်ဖြစ်ရာ အသက် (၈၀)နှင့်အထက် သက်ကြီးအသင်းဝင်များ၊ ၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများသည် ဖေဖော်ဝါရီ ၇ ရက် မတိုင်မီ ချင်းတွင်းအသင်းတည်ရှိရာ ယောမင်းကြီးလမ်းသွယ် ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ်သို့ လည်းကောင်း၊ ဦးဇော်ဝင်း ဖုန်း-၀၉-၈၆၀၁၀၀၉၊ ဦးအောင်ဝင်း ဖုန်း-၃၈၁၆၄၅၊ ဦးဝင်းငွေ ဖုန်း-၀၉-၅၁၀၄၀၁၃၊ ဦးလှမြိုင် ဖုန်း-၅၃၄၇၆၄၊ ဒေါ်မေစန်းတင် ဖုန်း-၂၄၆၂၃၁၊ ဦးညွန့်ဝေ ဖုန်း-၅၀၀၁၀၅ (ရုံးချိန်အတွင်း)တို့သို့ လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဟုတ်ကဲ့ မေးခွန်းလေးတစ်ခုလောက်မေးပါရစေ

"ဟုတ်ကဲ့ မေးခွန်းလေးတစ်ခုလောက် မေးပါရစေ"

သတင်းစာရှင်းလင်းပွဲ အများအပြား တက်ရောက်ခွင့်ရဖူးသူ တစ်ဦးအဖို့ ဖော်ပြပါ ခွင့်တောင်းစကားမျိုး တွေ့ဖူးကြုံဖူးပေါင်း များလှပါပြီ။

တစ်နေ့ကလည်း ကြုံရပြန်ပါပြီ။ ဒီရက်အတွင်း လူပြောသူပြောများနေတဲ့ ဆက်သွယ်ရေးဆိုင်ရာကိစ္စရဲ့ သတင်းစာရှင်းလင်းပွဲတစ်ခုကို ရောက်ခဲ့ရပြီး ဒီလို မေးခွန်းမျိုးကြုံခဲ့ကြားခဲ့ရခြင်းဖြစ်သည်။ ယင်းသတင်းစာရှင်းလင်းပွဲသို့ စာနယ်ဇင်းသတင်းလောကဝန်းကျင်မှ မဟုတ်သည့် ပြင်ပပြည်သူများပါ စိတ်ဝင်စားစွာ တက်ရောက်သည်ကို တွေ့ရသည်။

မိမိတို့ခေတ်က သတင်းစာရှင်းလင်းပွဲများတွင် မေးခွန်းများမေးပြီဆိုလျှင် လေးလေးစားစားဖြင့် တစ်ဦးနှင့် တစ်ဦး နားလည်မှုယူကာ ကျွန်တော်/ကျွန်မ ဘယ်သတင်းဌာန၊ ဘယ်မဂ္ဂဇင်းကပါ စသည်ဖြင့် မိတ်ဆက်ပြီး အားလုံးကိုယ်စား အနှစ်သာရရှိရှိ ထိထိမိမိထက်မြက်သည့် လိုတိုရှင်း မေးခွန်းများကိုသာ မေးမြန်းကြသည်။ အလုအယက်မေးမြန်းလေ့မရှိ။ မိမိမေးမြန်းလိုက်သည့် မေးခွန်းသည် ပြည်သူများ တန်ဖိုးထား လေးစားအားကိုးလိုစိတ်ဖြစ်ပေါ်စေမည့် မေးခွန်းနှင့် အဖြေမျိုးကို ဖြစ်ပေါ်စေသည်။

ယင်းသတင်းစာရှင်းလင်းပွဲတွင် စာနယ်ဇင်းသမားများ မေးခွန်းများ အလုအယက် မေးမြန်းကြသည်ကို တွေ့ရရာ စည်းကမ်းရှိမှု၊ တစ်ဦးနှင့်တစ်ဦး လေးစားမှုအပိုင်းတွင် အားနည်းနေသည်ဟု မြင်မိသည်။

မိမိနှင့် မိမိကိုယ်စားပြုသည့် သတင်းစာ၊ ဂျာနယ်၊ စာစောင်တို့ကို အများအထင်အမြင်သေးစေနိုင်သည့် ရယ်သွမ်းသွေးစေမည့် မေးခွန်းများ၊ ကိုယ်ရည်သွေးသည့် ပေါ့ပြက်ပြက် မေးခွန်းများကို ရှောင်ရှားစေလိုပါသည်။ သက်ဆိုင်ရာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့မှ တာဝန်ရှိသူတို့ကလည်း ထိန်းကျောင်းပြုပြင်ပေးရန် လိုပါသည်။ (ကိုအောင်)

☆ ရှေ့ဖုံးမှ

ဒုတိယသမ္မတအား တက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဒေါက်တာအောင်ဝင်းက ကျောင်းစတင်ဖွင့်လှစ်ခဲ့မှု၊ ရည်ရွယ်ချက်နှင့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ဤတက္ကသိုလ်ကို နိုင်ငံတစ်ဝန်းလုံး၌ ICT နည်းပညာအရာတွင် ပင်မဦးဆောင်နိုင်မည့် တက္ကသိုလ်တစ်ခု ဖြစ်စေရန် မျှော်မှန်းကာ ရည်ရွယ်ချက်ရှိရှိဖြင့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ဟု အမည်ပေးခေါ်ဝေါ်ခဲ့ခြင်းဖြစ်ကြောင်း။

ဤတက္ကသိုလ်၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သည့် "အဆင့်မြင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သုတေသနနှင့် ချိတ်ဆက်သင်ကြားတတ်မြောက်စေမည့် နိုင်ငံတကာအဆင့်မီ နည်းပညာတက္ကသိုလ် တည်ထောင်ရန်" ဆိုသည့် ရည်ရွယ်ချက် ပြည့်ဝအောင်မြင်ရေးအတွက် နိုင်ငံတကာနည်းပညာတက္ကသိုလ်များနှင့် ချိတ်ဆက်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်း မြင်တွေ့ရသည့်အတွက် များစွာဝမ်းသာမိကြောင်း။

ထို့အပြင် ICT နည်းပညာများသင်ကြားရာတွင် ပိုမိုထိရောက်သော သင်ကြားမှုနည်းစနစ်များဖြင့် သင်ကြားနိုင်ရေးအတွက် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မှုစနစ်ကိုပါ စနစ်တကျ ချမှတ်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရကြောင်း၊ တက္ကသိုလ်အရည်အသွေး မြှင့်တင်ရေးနည်းလမ်းတစ်ရပ်ဖြစ်သည့် ကျောင်းဝင်ခွင့်စိစစ်မှုအား ဝင်ခွင့်ရမှတ်မီ၍ လျှောက်ထားသူများအား ရေးဖြေစာမေးပွဲ၊ နှုတ်ဖြေစာမေးပွဲစသည်ဖြင့် အဆင့်ဆင့် စိစစ်ခဲ့ရာ ယမန်နှစ်ကလျှောက်ထားမှုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း ဝင်ခွင့်ရရှိခဲ့ပြီး ယခုနှစ်တွင် ၂၅ ရာခိုင်နှုန်းဝင်ခွင့်ရရှိခဲ့သည်ကိုလည်း သိရှိရကြောင်း။

အလားတူ အဆင့်မြင့်သုတေသနများပြုလုပ်နိုင်ရေးနှင့် electronic learning hub တက္ကသိုလ် တစ်ခုဖြစ်လာစေရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်နေသည်ကိုလည်း မြင်တွေ့ရကြောင်း၊ သုတေသနလုပ်ငန်းသည် အဖွဲ့အစည်းတစ်ရပ်အတွက် အလွန်အကျိုးများစေသည့် လုပ်ငန်းဖြစ်သည့်အပြင် သက်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိမိအဖွဲ့အစည်း၏ ရည်မှန်းချက်၊ ဦးတည်ချက်များ ရောက်ရှိသည်အထိ ထိန်းကျောင်းမောင်းနှင်သွားနိုင်မည်ဖြစ်သကဲ့သို့ တွဲဖက်သုတေသနလုပ်ငန်းပညာရေးကသာ base ခိုင်မာသည့် ပညာရပ်အဖြစ် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) သင်တန်းဆောင်များ၌ ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရတနာပုံမြို့သစ်စီမံကိန်းရှိ Elite-Tech Manufacturing စက်ရုံ၌ Prepaid Top-up ကတ်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ကျောင်းသား ကျောင်းသူများသည် ဤတက္ကသိုလ်မှသင်ကြားပေးလိုက်သည့် ပညာရပ်များဖြင့် အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကဝန်ထမ်း၊ ကိုယ်ပိုင်လုပ်ငန်းစသည်ဖြင့် မည်သည့်လုပ်ငန်းအမျိုးအစားကို မည်သည့်နေရာတွင်မဆို ထိထိရောက်ရောက် အသုံးချနိုင်မည်ဆိုသည့် ယုံကြည်ချက်ဖြင့် ယခုကဲ့သို့ ဝင်ခွင့်စိစစ်မှု အဆင့်ဆင့်ကို ကျော်ဖြတ်ပြီး လာရောက်ပညာသင်ကြားကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများ၏ ယုံကြည်အားကိုးမှုပိုမိုရရှိစေရန် ဆရာ၊ ဆရာမများကိုယ်တိုင်ကလည်း မိမိတို့၏ ပညာအရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် ပညာသင်ကြားပေးရာတွင် နှုတ်တိုက်အလွတ်သင်ကြားခြင်းမျိုးထက် ကျောင်းသားဗဟိုပြု သင်ကြားမှုနည်းလမ်းဖြင့် သင်ကြားပေးရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ဤတက္ကသိုလ်မှ ၂၀၁၄-၁၅ ခုနှစ်တွင် အောင်မြင်လာမည့် ဘွဲ့ရကျောင်းသားများသည် ၂၀၁၅ ခုနှစ်တွင်ပေါ်ပေါက်လာမည့် ASEAN Community အတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသူများဖြစ်လာစေရေး ရည်ရွယ်သင်ကြားပေးရန် လိုအပ်ကြောင်း။

ဆရာ ဆရာမများကိုယ်တိုင် ပညာခေတ်၏ ပြောင်းလဲနေသည့်အခြေအနေများကို ပြည့်ပြည့်စုံစုံသိမြင်ပြီး ကိုယ်တိုင်လိုက်ပါပြောင်းလဲနိုင်မှသာ အာဆီယံဒေသအတွင်း၊ အာရှဒေသအတွင်း ဝင်ဆံ့ရှင်သန်နိုင်မည့် ပညာရှင်များဖြစ်မည်ဖြစ်ကြောင်း၊ ယနေ့သိရှိထားသည့် ပညာသည် မနက်ဖြန်ခေတ်နောက်ကျသွားနိုင်သည်ကို အထူးသတိပြုစေလိုကြောင်း၊ နိုင်ငံတကာပညာဝန်းကျင်ဖြင့် ချိတ်ဆက်နိုင်သမျှ ချိတ်ဆက်ထားနိုင်မှသာ ခေတ်မီပညာရှင်များဖြစ်နေမည်ဖြစ်ကြောင်း၊ တက္ကသိုလ်အဆင့် သင်ကြားမှုများသည် သာမန်အိမ်တွင်းစက်မှုလုပ်ငန်းငယ်များအတွက် ဦးတည်သင်ကြားနေလျှင် ဒေသအတွင်း ဝင်ဆံ့နိုင်မည့် ပညာအရည်အသွေးမျိုး ရရှိနိုင်မည်မဟုတ်ကြောင်း။

ယခုအခါ မိမိတို့နိုင်ငံ၏ အနာဂတ်စီးပွားရေးအလားအလာကို Natural Resources Economy မှ Knowledge Based Economy အဖြစ်ပြောင်းလဲနိုင်ရေး အတွက် နိုင်ငံတော်အစိုးရက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ယနေ့ကာလတွင် လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အဓိကဆက်စပ်နေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ သဘာဝသယံဇာတ အရင်းအမြစ် ကြွယ်ဝသည့် နိုင်ငံအနေဖြင့် သဘာဝသယံဇာတ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာများဖြင့် စနစ်တကျပေါင်းစပ်နိုင်ပါက ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုအဖြစ် လျင်မြန်စွာ ရောက်ရှိလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် အရည်အသွေးမီ၊ အဆင့်မီနည်းပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေး၊ နိုင်ငံအတွင်း ICT နည်းပညာများ ထိရောက်တွင်ကျယ်စွာ အသုံးချနိုင်ရေးတို့အတွက် တွန်းအားရောဆွဲအားပါပေးစွမ်းနိုင်သည့် နည်းပညာတက္ကသိုလ်ကြီးတစ်ခုအဖြစ် အားကိုးအားထားပြုနိုင်ရေးအတွက် ဆရာ ဆရာမများကရော ကျောင်းသား ကျောင်းသူများကပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက္ကသိုလ်အတွက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အားကစားပစ္စည်းများ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက်နှစ်စုံနှင့် IGE ကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်၊ နယူးစတားလိုက်ကုမ္ပဏီမှ ဦးကျော်ကျော်ဝင်း၊ ရွှေတောင်ကုမ္ပဏီမှ ဦးအောင်ဇော်နိုင်၊ ရွှေသံလွင်ကုမ္ပဏီမှ ဦးအောင်မင်းသိန်း၊ အေးရှားဝေါလ်ကုမ္ပဏီမှ ဦးမြတ်ချိုဝင်း၊ သော်တာဝင်းကုမ္ပဏီမှ ဦးနေဝင်းကျော်နှင့် အေးအေးခိုင်ကုမ္ပဏီမှ ဦးစိုးနိုင်တို့က ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် သင်တန်းဆောင်များရှိ Computer Server ခန်း၊ Software Development Room၊ English Language Lab၊ e-Library နှင့် Computer Lab တို့ကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ တက္ကသိုလ်ပင်မသုံးထပ်ဆောင်ဆောက်လုပ်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဆင့်မြင့် နည်းပညာများအား ကျွမ်းကျင်တတ်မြောက်သည့် အင်ဂျင်နီယာပညာရှင်များနှင့် သုတေသနပညာရှင်များ မွေးထုတ်ပေးရန်၊ အဆင့်မြင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သုတေသနနှင့် ချိတ်ဆက်သင်ကြားတတ်မြောက်စေမည့် နိုင်ငံတကာအဆင့်မီ နည်းပညာတက္ကသိုလ်တည်ထောင်ရန်၊ ယနေ့မျက်မှောက်ခေတ်တွင် အရှိန်အဟုန် မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနိုင်ငံမှ ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် အထောက်အကူပြုမည့် အင်ဂျင်နီယာကောင်းများ မွေးထုတ်ပေးရန်နှင့် Cyber University အဖြစ် အကောင်အထည်ဖော်၍ နည်းပညာဆိုင်ရာအဆင့်မြင့်သင်ကြားရေးနှင့် သုတေသနဆိုင်ရာစာပေများကို နိုင်ငံတကာနှင့် ချိတ်ဆက်၍ ပြည်တွင်းတက္ကသိုလ်များသို့ ဖြန့်ဝေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

တက္ကသိုလ်တွင် အဓိကဘာသာရပ်များအဖြစ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology, ICT)၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ (Electronic Engineering , EC)၊ အဆင့်မြင့်ဒြပ်ပစ္စည်း အင်ဂျင်နီယာ (Advanced Materials Engineering, AME) နှင့် တိကျစက်ပစ္စည်းထုတ်လုပ်မှု အင်ဂျင်နီယာ (Precision Engineering, PrE) တို့ကို သင်ကြားပေးလျက်ရှိသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ပါရဂူဘွဲ့သင်တန်းသား ၇၆ ဦး၊ ပထမနှစ်အင်ဂျင်နီယာသင်တန်းသား ၁၀၁၄ ဦးနှင့် ဒုတိယနှစ်အင်ဂျင်နီယာသင်တန်းသား ၆၅၈ ဦး စုစုပေါင်း ၁၇၄၈ ဦးတို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)သည် ASEAN- Korea Cyber University တည်ထောင်ရာတွင် ပါဝင်ဆောင်ရွက်မည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံခြားတက္ကသိုလ်များနှင့် ချိတ်ဆက်သင်ကြားမည့် တက္ကသိုလ်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်စီမံကိန်းရှိ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) အတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၁၂ (တနင်္ဂနွေနေ့)

AM & PM

၅း၄၀	"လူမိုက်အဝိဇ္ဇာ ကင်းအောင်ရှောင်" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်း ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၈း၄၅	The shop Around The corner
၉း၁၀	ငြိမ်းအေးနွေးထွေးမှုတို့ဖြင့် လီဆူးတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပွဲတော်
၁၂း၁၅	ရန်ကုန်တက္ကသိုလ်သချာၤ မိသားစု၏ အာစရိယပူဇော်ပွဲ (၁၉၇၁-၁၉၇၅)
၃း၃၀	MNL MYANMAR 2012 (Yangon United Vs Magway) (LIVE)
၅း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၉)**
၆း၀၀	**MRTV-4** သတင်း
၆း၁၅	၂၀၁၀ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံများ (အနုပညာရှင်များ)
၇း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၀၉)**
၇း၄၀	ဒါရိုက်တာကြည်စိုးထွန်း၏ ရုပ်ရှင်ထူးချွန်ဆုခန့်မှန်းချက် (အပိုင်း-၁)
၈း၀၀	MRTV-4 သတင်း
၈း၃၀	သွားမယ်စားမယ် (Apple)
၈း၅၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄၄)
၉း၁၀	Sunday Talk (ဒါရိုက်တာမောင်သီ၊ မျိုးမြတ်သူ)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှနံရာ" (အပိုင်း-၆၂)**
၁၀း၂၅	Barclays Premier League (Chelses Vs Man-U)
၁၂း၂၅	ဗီဒီယိုပြခန်း
၂း၁၅	သက်ဝင်လှုပ်ရှား ရသရုပ်လုံးရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)
၂း၂၅	စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလား ဥသဖရား) (အပိုင်း-၁) (ဦးဝင်းမြိုင်၊ အရိုင်းမင်း၊ မျိုးကြည်၊ တိုးမြတ်နိုးဝေ) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၃း၀၅	Shooting Location (မျက်ခြယ်ခြံ)
၃း၃၀	ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
၃း၅၀	Box Office Movies (300)
၄း၂၀	မြန်မာ့လက်မှု အနုလက်ရာစုံစွာ
၄း၃၀	သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်
၅း၀၀	အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၇း၅၅	Newcastle Utd	-	Aston Villa	(ESPN)
၁၀း၂၅	Chelsea	-	Man -U	(ESPN) (MRTV-4)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

○ စာမျက်နှာ ၄ မှ

ရတနာပုံတယ်လီပို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတအား အစည်းအဝေးခန်းမ၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ရတနာပုံမြို့သစ်စီမံကိန်း ဆောင်ရွက်ထားမှုအခြေအနေနှင့် မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်က ရတနာပုံမြို့သစ်(မြောက်ပိုင်း) ကိုယ်ပိုင်အိမ်ရာစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရတနာပုံတယ်လီပို့တွင် လုပ်ငန်းဆောင်ရွက်နေကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး လွန်ခဲ့သည့် နှစ်နှစ်၊ သုံးနှစ်ခန့်ကပင် ICT မြို့အဖြစ် ရည်မှန်း၍ စတင်ထူထောင်ခဲ့သည့် ရတနာပုံမြို့သစ်သည် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာခြင်းမရှိဘဲ ရပ်တန့်နေခြင်းအား အဖြေရှာရန်ဆိုသည့်ရည်ရွယ်ချက်ဖြင့် လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုတင်ပြချက်များအပေါ် နိုင်ငံတော်အစိုးရက တတ်စွမ်းသမျှ နည်းလမ်းရှာ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဖြေလျှော့နိုင်သည်များကိုလည်း ဖြေလျှော့ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် မူဆယ်မြို့အနီးတွင် စက်မှုဇုန်တစ်ခု တည်ထောင်ရန် လမ်းညွှန်ထားပြီးဖြစ်ကြောင်း၊ ICT လုပ်ငန်းများအား မူဆယ်မြို့နှင့် ရတနာပုံမြို့သစ် ဆက်စပ်ဆောင်ရွက်နိုင်ရေး ကြိုတင်စဉ်းစားထားကြရန် လိုကြောင်း၊ CMP လက်ခစားလုပ်ငန်းများသည် နိုင်ငံတော်အတွက်များစွာ အကျိုးအမြတ်မရှိစေကာမူ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေသော လုပ်ငန်းဖြစ်၍ နိုင်ငံတော်က အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတော်ကဖန်တီးပေးထားသည့် အခြေအနေကောင်းများကို အလဟဿ မဖြစ်စေရန် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုပါ ရရှိရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၏ မီဒီယာနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသည့် Yatanarpon Web Portal Data Center၊ အင်တာနက်လိုင်းတွင် ရုပ်သံအစီအစဉ်များထည့်သွင်းထုတ်လွှင့်ပေးသည့် IPTV Room၊ အင်တာနက်မှတစ်ဆင့် တယ်လီဖုန်းဆက်သွယ်မှုရရှိရန် ဆောင်ရွက်ပေးသည့် Switch Room၊ ပင်မအင်တာနက်လိုင်းထုတ်လွှင့်ပေးသည့် ISP Data Center နှင့် Network Operation Center တို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် Soft Based Factories Area တွင် စက်ရုံတည်ဆောက်လျက်ရှိသော ပုဂ္ဂလိကကုမ္ပဏီများ၏ ဝန်ထမ်းများ နေထိုင်ရေးအတွက် အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာအား ရှုရပ်မှကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြေနေရာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရတနာပုံမြို့သစ်ရှိ Yatanarpon Fiber Optical Factory တွင် ဖိုင်ဘာကြိုးများထုတ်လုပ်နေမှု၊ Elite-Tech Manufacturing စက်ရုံတွင် စီဒီအမ်အေ-၄၅၀၊ စီဒီအမ်အေ-၈၀၀၊ ဂျီအက်စ်အမ် မိုဘိုင်းတယ်လီဖုန်းများနှင့် Y-Talk (VoIP Recharge) တို့အတွက် တစ်နိုင်ငံလုံးသို့ ဖြန့်ချိနေသည့် Prepaid Top-up ကတ်များထုတ်လုပ်နေမှု၊ Solar Panel စက်ရုံတွင် Crystalline Silicon Solar Module များထုတ်လုပ်နေမှုနှင့် Asia Mega Link Training Center တွင် သင်တန်းများပို့ချနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ပြင်ဦးလွင်မြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်က ဦးစီးဌာန၏ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက တိုင်းရင်းဆေးပညာကိုအသုံးပြုပြီး လွန်ခဲ့သည့် ရာစုနှစ်ပေါင်းများစွာကတည်းက လူထုလူတန်းစားအသီးသီးတို့၏ ကျန်းမာရေးစောင့်ရှောက်မှုပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ ရှေးဘုရင်မင်းမြတ်ခေတ်မတိုင်ခင်ကရောဘုရင့်ခေတ်ကပါ experience based knowledge ဖြင့် စောင့်ရှောက်ပြုစုကုသခဲ့ခြင်းဖြစ်ပြီး သုတေသနပြုမှုမရှိသလောက် အားနည်းခဲ့ပါကြောင်း၊ သူလည်း သူ့အတွေ့အကြုံ၊ ကိုယ်လည်းကိုယ့်အတွေ့အကြုံစသည့် experience အမျိုးမျိုးကို အခြေခံသည့် ကုသမှုမျိုးသာရှိခဲ့သဖြင့် တချို့နေရာတွင် တိကျနိုင်မှုမရှိသော ကုထုံးလုပ်ဆောင်ချက်များကို တွေ့ရမည် ဖြစ်ပါကြောင်း။

Experience based knowledge ကုထုံးများသည် ယခင်ခေတ်က ထင်ရှားကျော်ကြားခဲ့သော်လည်း ကိုယ်ပိုင်ပညာဆန်သော၊ ပုဂ္ဂလိကပိုင်ဆိုင်မှုဆန်သော knowledge ဖြစ်ပြီး အခွင့်မရက မျှဝေသုံးစွဲရန် အခွင့်အရေးမရှိသကဲ့သို့ ဖြစ်သည့်အတွက် ယခုခေတ်တွင်အသုံးပြုသူများ၊ စားသုံးသူများ၏ ယုံကြည်ကိုးစားမှုကို အတိုင်းအတာတစ်ခုအထိ လက်လွှတ်ဆုံးရှုံးခဲ့ရခြင်း ဖြစ်ပါကြောင်း။

သိပ္ပံနည်းကျ evidience based ပညာများသည်သာ ရေရှည်ယုံကြည်အားထားမှုရရှိမည်ဖြစ်ပြီး နောက်မျိုးဆက်သစ်များအတွက်လည်း လက်ဆင့်ကမ်းပေးနိုင်ရန် အမှားအမှန်အဝေဖန် ခံနိုင်ရည်ရှိမည် ဖြစ်ပါကြောင်း၊ သို့သော် တချို့တိုင်းရင်းဆေးသမားတော်များ သည်ပင်လျှင် evidience based ကို အားမသန်ကြဘဲ experience based ကိုသာ ဆက်လက်လက်ခံသွားလိုသူများလည်းရှိသည်ကို တွေ့ရသည့်အတွက် နှစ်ဖက်ကြား လွန်ဆွဲအားပြိုင်မှုကဲ့သို့ ဖြစ်နေသည်ကို တွေ့ရပါကြောင်း။

သောက်သုံးရန်အတွက် လိုအပ်သည့်ဆေးတစ်ဖုံကို ဆေးအမယ်ပေါင်း ငါးမျိုးမှ ၁၀ မျိုး- ၂၀ မျိုးပါဝင်တတ်ခြင်း၊ အနံ့အသက်အရသာပြင်းထန်မှုကြောင့် သောက်ရခက်ခြင်း၊ ပါဝင်သောဆေးအမယ်ပေါင်းများသည့်အတွက် ဘေးထွက်ဆိုးကျိုး ပို၍များနိုင်ခြင်း၊ သောက်ရမည့်ဆေးအလေးချိန်မတိကျခြင်း စသည်တို့ကြောင့် စားသုံးသူလူထုလက်ခံနိုင်ရန် အားနည်းလာခြင်းလည်းပါဝင်ပါကြောင်း၊ ထို့အပြင် နောက်မျိုးဆက်သစ်အား လက်ဆင့်ကမ်းသင်ပေးနိုင်ရန် အထောက်အကူပြုနိုင်မှုလည်း အားနည်းမည်ဖြစ်ပါကြောင်း။

မည်သို့ပင်အငြင်းပွားနေကြပါစေ မြန်မာ့တိုင်းရင်းဆေး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထုများ၏ ထောက်ခံအားပေးမှုကို ရယူလိုပါက အနောက်တိုင်းဆေးပညာနှင့် ဆက်နွှယ်ပေါင်းစပ်ပြီး သိပ္ပံနည်းကျသုတေသနလုပ်ငန်းအကူအညီဖြင့် အမှန်အကန် ဆောင်ရွက်သွားနိုင်မှသာလျှင် ကမ္ဘာကလက်ခံသော ဆေးပညာတစ်ရပ် ဖြစ်လာမည် ဖြစ်ပါကြောင်း။

သုတေသနလုပ်ငန်းဆိုသည်မှာ ငွေကုန်ကြေးကျများပြားသော်လည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရသည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း သုတေသနလုပ်ငန်းပေါ်တွင် အခြေခံထားပါကြောင်း၊ တိုးတက်သော နိုင်ငံများ၌ သုတေသနလုပ်ငန်းများကို နယ်ပယ်စုံကဏ္ဍစုံ ငွေကုန်ကြေးကျခံ ဆောင်ရွက်ကြသည်ပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အားပေးဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးသုတေသနလုပ်ငန်းသည်လည်း အသက်နှင့် ဆက်စပ်သည့်လုပ်ငန်းဖြစ်သည့်အားလျော်စွာ ပို၍တိကျမှန်ကန်သည်ထက် မှန်ကန်စေရန် လုပ်ဆောင်သွားရန်လိုအပ်ပါကြောင်း။

ထို့ကြောင့် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)၏လုပ်ငန်းများ အောင်မြင်သင့်သလောက် အောင်မြင်နေသည်ကို တွေ့ရသည့်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက် နှစ်စုံနှင့် လုပ်ငန်းရှင်များက အလှူငွေကျပ် သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတက ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ဦးစီးဌာနရှိ အီလက်ထရွန်နစ် စာကြည့်တိုက်၊ ဇီဝဆေးပညာစာကြည့်တိုက်၊ သုတေသနလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းများနှင့် ကပ်ပါးပိုးဗေဒဌာနခွဲ၏ ငှက်ဖျားပိုး သုတေသနဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြင်ဦးလွင်မြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများနှင့် စစ်တွေကမ်းနားလမ်း လှိုင်းကာကျောက်စီနံရံလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လက်ထောက်အထွေထွေမန်နေဂျာရုံးသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး စစ်တွေသင်္ဘောကျင်းအတွင်း ရေယာဉ်ပြင်ဆင်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စစ်တွေသင်္ဘောဆိပ်ရှိ ဆိပ်ခံတံတားကြံ့ခိုင်မှုနှင့် ဆိုက်ကပ်ထားသော ပြည်တွင်းရေကြောင်းပိုင် ရေယာဉ်များ၊ ပုဂ္ဂလိကပိုင် အမြန်ရေယာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ ခေါင်းလောင်းကျောင်းလမ်းမှ မြို့လယ်ချောင်းအထိ ကမ်းနားတစ်လျှောက် လှိုင်းကာကျောက်စီနံရံ တည်ဆောက်မှုလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူတို့အား မှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျေးလက်ကျန်းမာရေးဌာန သားဖွားဆောင်သစ်ဖွင့်ပွဲ သထုံ၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

သထုံခရိုင် သထုံမြို့နယ် နောင်ကုလားကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာန ကိုယ့်အားကိုယ်ကိုး သားဖွားဆောင်သစ်ဖွင့်ပွဲ အခမ်းအနား**(ယာပုံ)**ကို ယမန်နေ့နံနက်စနာရီခွဲတွင်နောင်ကုလားကျေးရွာကျေးလက်ကျန်းမာရေးဌာန၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးတင်မောင်ညွန့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့ကအဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ခရိုင်ပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာမောင်မောင်မြင့်၊ ကလေးအထူးကု ဒေါက်တာဒေါ်မြင့်မြင့်ရီနှင့် ကျေးရွာလက်ထောက် ကျန်းမာရေးမှူး ဦးကျော်စွာမြင့်တို့က ကျန်းမာရေးဆိုင်ရာများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၄

တနင်္သာရီတိုင်း ဒေသကြီးအဆင့် နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးက ကျောင်းများ၌ နွေရာသီအားကစားသင်တန်းများ အခြေစိုက်ဖွင့်လှစ်မည့် အစီအစဉ်၊ သင်တန်းနည်းပြဆရာနှင့် အားကစားပစ္စည်းများ ဆောင်ရွက်ပေးမည့် အစီအစဉ်၊ ကျောင်းများ၌ ကာယအချိန်များအတွင်း ယှဉ်ပြိုင်အားကစားနည်းများကို သင်ကြားလေ့ကျင့်ရေး ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအဆင့် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

တနင်္သာရီတိုင်း ဒေသကြီးအဆင့် နွေရာသီအားကစားသင်တန်းများအဖြစ် ပြေးခုန်ပစ်၊ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်ရိုက်ကျော်ခြင်း၊ ရေကူး၊ ကရာတေးဒို၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ဝူရှူး၊ တင်းနစ်၊ လက်ဝှေ့၊ အေရိုးဗစ်နှင့် မြန်မာ့သိုင်း စသည့် သင်တန်း ၁၅ မျိုးကို မတ် ၁ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မြို့မ)၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် သူငယ်တန်းမှ ပညာရည်ချွန်ဆုရရှိသူ မောင်မင်းမြတ်အား ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင် ဆုချီးမြှင့်စဉ်။

(မြို့နယ်ပြန်/ဆက်)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ရင်သွေးငယ်များအတွက် ကာကွယ်ဆေးထိုးလုပ်ငန်း၏ "ကာကွယ်ဆေးအသစ်"

ယနေ့ကမ္ဘာပေါ်တွင် (၅)နှစ်အောက်ကလေး သန်းပေါင်းများစွာသည် ကူးစက်ရောဂါများကြောင့် သေဆုံးနေရပြီး အများအားဖြင့် ကာကွယ်ဆေးများဖြင့် ကာကွယ်၍ ရနိုင်ပါလျက်နှင့် သေဆုံးနေရသည်ကို တွေ့ရှိရပါသည်။ ဝက်သက်ရောဂါကြောင့် သေဆုံးနှုန်းသည် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ၏ ၄၈ ရာခိုင်နှုန်းရှိပြီး အခြားရောဂါများဖြစ်သော မေးခိုင်ရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ ဆုံဆို့နာရောဂါ၊ တီဘီဦးနှောက်အမြှေးရောင်ရောဂါတို့ကြောင့်လည်း သေဆုံးလျက်ရှိပါသည်။ ထို့ပြင် အသည်းရောင်အသားဝါ(ဘီ)ရောဂါပိုးကြောင့် လူကြီးပိုင်းတွင် အသည်းရောဂါဖြင့် သေဆုံးမှုများသဖြင့် ယခုအခါ (၁)နှစ်အောက်ကလေးငယ်များတွင် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို ထိုးနှံလျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လွှမ်းခြုံမှုရာခိုင်နှုန်း ၈၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိရှိသောကြောင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဖြစ်ပွားမှု သိသာစွာကျဆင်းခဲ့ပါသည်။

နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ရင်သွေးငယ်များ၏ ကျန်းမာရေးကို စောင့်ရှောက်လျက်ရှိရာ အသစ်ရင်ဆိုင်လာရသော ကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကလေးငယ်များ၏ တစ်ရာခိုင်နှုန်းသည် အသက်(၆)နှစ်မပြည့်မီ သေဆုံးပြီး မဖွံ့ဖြိုးသေးသော နိုင်ငံများတွင် ကလေးငယ်များ၏ ၂၀ ရာခိုင်နှုန်းခန့်သည် အသက်(၆)နှစ်မပြည့်မီ ရောဂါမျိုးစုံဖြင့် သေဆုံးလျက်ရှိရာ နှစ်စဉ် အသက် (၅)နှစ်အောက် ကလေးဦးရေ ၂ ဒသမ ၇ သန်းသည် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးလျက်ရှိပါသည်။

၎င်းရောဂါများအနက် ဟေမိုဖီးလက်အင်ဖလူရင်ဇာဘီအမျိုးအစား Haemophilus type-b(Hib) ဗက်တီးရီးယားပိုးကြောင့် (၅)နှစ်အောက်ကလေးငယ်များတွင် ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါနှင့် ပြင်းထန်အဆုတ်ရောင်ရောဂါဖြစ်ပွားပြီး သေဆုံးမှုများပြားလျက်ရှိပါသည်။

(၅)နှစ်အောက်ကလေး တစ်သိန်းလျှင် Hib ရောဂါကြောင့် သေဆုံးနှုန်းသည် အောက်ပါအခြေအနေအတိုင်းရှိ၍ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားမှု ရှိနေသည်ကို တွေ့ရှိရပါသည်-

၂၀၀၃ ခုနှစ် (၅)နှစ်အောက်ကလေးများသေဆုံးမှုအခြေအနေ လေ့လာမှုအရ (၅)နှစ်အောက်ကလေးစုစုပေါင်း၏ ၂၁ ရာခိုင်နှုန်းသည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့်လည်းကောင်း၊ ၁၄ ရာခိုင်နှုန်းသည် ဦးနှောက်အမြှေးရောင်ရောဂါ

ဒေါက်တာစိုးလွင်ငြိမ်း
ညွှန်ကြားရေးမှူး(ကူးစက်)ကျန်းမာရေးဦးစီးဌာန

ကြောင့်လည်းကောင်း သေဆုံးကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာချက်အရလည်း ဟေမိုဖီးလက်အင်ဖလူရင်ဇာဘီရောဂါပိုးကြောင့် ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါနှင့် အဆုတ်ရောင်ရောဂါများကြောင့် သေဆုံးမှု များပြားလာကြောင်း တွေ့ရှိရသဖြင့် ကမ္ဘာ့နိုင်ငံများတွင် ကာကွယ်ဆေးအသစ်များ ထိုးနှံနိုင်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် ၂၀၁၁ ခုနှစ်မှစတင်၍ ကာကွယ်ဆေးအသစ်ဖြစ်သော Haemophilus B vaccine ကို ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါနှင့် အဆုတ်ရောင်ရောဂါကာကွယ်ရန်အတွက် ထိုးနှံရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆုံးဖြတ်ခဲ့သည့်အတိုင်း Global Alliance for Vaccine and Immunization (GAVI) အဖွဲ့မှ Co-financing မူဖြစ်သော သက်ဆိုင်ရာနိုင်ငံများမှ ကာကွယ်ဆေးဝယ်ယူမှုတွင် ရန်ပုံငွေထည့်ဝင်ပါမှ အလှူရှင်မှကျန်ငွေများကို ထောက်ပံ့ပေးသည့် စနစ်ကို ၂၀၁၁ ခုနှစ်တွင် စတင်ကျင့်သုံးလာပါသည်။ Co-financing မထည့်ဝင်သော နိုင်ငံများအတွက် GAVI အဖွဲ့မှ ကာကွယ်ဆေးထောက်ပံ့မှု မရရှိနိုင်သောမူဖြစ်ပါသည်။ ထိုမူကို မကျင့်သုံးမီ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးအသစ်ကို New Vaccine Introduction မူအရ နိုင်ငံများသို့ (၅)နှစ်စာ ထောက်ပံ့ခဲ့ရာ မြန်မာနိုင်ငံအနေနှင့်လည်း ၂၀၀၃-၂၀၀၄ ခုနှစ်မှ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို (၅)နှစ်စီမံချက်ဖြင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပုံမှန် (၁)နှစ်အောက် ကာကွယ်ဆေးထိုးအစီအစဉ်တွင် သုံးကြိမ် ထည့်သွင်းထိုးနှံပေးခဲ့ရာ ကာကွယ်ဆေးလွှမ်းခြုံမှု ၉၀ ရာခိုင်နှုန်းကျော် ရရှိခဲ့ပါသည်။

(၅)နှစ်စီမံကိန်းဖြစ်သော်လည်း ကျန်းမာရေးဝန်ထမ်းများမှ အလေအလွင့်နည်းအောင် စနစ်တကျ စီမံခန့်ခွဲနိုင်သဖြင့် ၂၀၁၁ ခုနှစ် မေလအထိ Hepatitis B Vaccine ကို ထိုးနှံနိုင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် မေလနောက်ပိုင်းတွင် Hepatitis B ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ထည့်သွင်းမထိုးနှံနိုင်တော့ပါ။ **ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ပြတ်လပ်နေပြီဆိုသည့် သတင်းများလည်း ထွက်ပေါ်လာခဲ့ပါသည်။ ဖြစ်စဉ်အမှန်မှာ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထိုးလုပ်ငန်း (၅)နှစ်စီမံကိန်း ပြီးဆုံးခြင်းဖြစ်ပါသည်။**

အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထိုးပြီးသော ကလေးများ၏ ရောဂါကာကွယ်နိုင်မှုအခြေအနေများကို သုတေသနပြုလုပ်ခဲ့ရာ အသည်းရောင်အသားဝါ(ဘီ) ရောဂါခုခံနိုင်မှုများ သိသာစွာမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၎င်းရလဒ်ကို ဆက်လက်၍ အသုံးပြုနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ GAVI Co-financing မူကို အကောင်အထည်ဖော်နိုင်ရန် GAVI အဖွဲ့နှင့် အကြိမ်ကြိမ်ညှိနှိုင်းခဲ့ပါသည်။ GAVI အဖွဲ့မှ ထောက်ပံ့မည့် Penta Valent Vaccine တွင် ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါနှင့် ဟေမိုဖီးလက်၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် အဆုတ်ရောင်ရောဂါကာကွယ်နိုင်သည့် ကာကွယ်ဆေးအသစ်ဖြစ်သည့် (Hibvaccine) အပါအဝင် ရောဂါငါးမျိုးကို တစ်ကြိမ်တည်းထိုးနှံကာကွယ်နိုင်သည့် ကာကွယ်ဆေးအသစ်ပါဝင်ပါသည်။ ယခင်က ကာကွယ်ဆေးတစ်မျိုးချင်း ထိုးနှံရသဖြင့် ကလေးငယ်များ အကြိမ်ကြိမ်ဆေးထိုးခံရသောအခြေအနေမှ ယခုအခါ တစ်ကြိမ်တည်းထိုးရုံဖြင့် ကာကွယ်ဆေးငါးမျိုး ထိုးနှံပြီးသားဖြစ်သဖြင့် ကလေးငယ်များအတွက် အထူးကောင်းမွန်သော ကာကွယ်ဆေးဖြစ်ပြီး ၎င်းကာကွယ်ဆေးများ ဝယ်ယူရန်အတွက် Co-financing မူအရ GAVI အဖွဲ့မှ သတ်မှတ်ထားသည့် ကာကွယ်ဆေးဝယ်ယူရန် ရန်ပုံငွေကို သက်ဆိုင်ရာနိုင်ငံမှ ပေးသွင်းရမည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း ထိုအခြေအနေများကို နိုင်ငံတော်အစိုးရသို့ တင်ပြခဲ့ရာ **နိုင်ငံတော်အစိုးရက GAVI အဖွဲ့မှ သတ်မှတ်ထားသော နှစ်စဉ်ထည့်ဝင်ရမည့် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းကို ချက်ချင်းပင်ခွင့်ပြုခဲ့ပါသည်။**

နိုင်ငံတော်အစိုးရ၏ စေတနာကား ကြီးမားလှပါသည်။ နိုင်ငံတော်က မိမိတို့ရင်သွေးငယ်များ၏ ကျန်းမာရေးကို မည်မျှအလေးထားသည်ကို ဖော်ပြနေခြင်းဖြစ်ပါသည်။ ယခင်က အလှူရှင်လှူဒါန်းသော ဆေးကိုသာ အားကိုးနေခဲ့ကြရာမှ ယခုအခါ နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ Co-financing မူအရ နိုင်ငံတော်က ရန်ပုံငွေ ထည့်ဝင်သဖြင့် ကျန်လိုအပ်သော ရန်ပုံငွေများကို GAVI အဖွဲ့မှ ထည့်ဝင်ကာ Penta Valent ကာကွယ်ဆေးအသစ်ကို ထောက်ပံ့နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ယခင်က ရောဂါခုနစ်မျိုးအတွက် ကာကွယ်ဆေးကိုသာ ထိုးနှံနိုင်ခဲ့သည့် အခြေအနေမှ ယခုအခါ ကာကွယ်ဆေးအသစ်ပါဝင်သော Penta Valent Vaccine ကို ထိုးနှံနိုင်တော့မည်ဖြစ်ရာ မြန်မာ့ရင်သွေးငယ်များအတွက် ရောဂါ ရှစ်မျိုး၏ အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်တော့မည်ဖြစ်ပါသည်။

ထိုသို့အခြေအနေတစ်မျိုးမှ တစ်မျိုးသို့ ပြောင်းလဲရသည့် ကာကွယ်ဆေးထိုးလုပ်ငန်းအခြေအနေပြောင်းလဲစဉ်ကာလတွင် အခက်အခဲအချို့နှင့် ရင်ဆိုင်ရပါသည်။ အဓိကအချက်မှာ တစ်ကြိမ်ထိုးနှံရုံဖြင့် ကာကွယ်ဆေး ငါးမျိုးပါဝင်သည့် Penta Valent Vaccine ကို တစ်ကမ္ဘာလုံးမှသုံးစွဲတော့မည်ဖြစ်၍ ကာကွယ်ဆေးထုတ်လုပ်သော ကုမ္ပဏီများအနေဖြင့် ရောင်းအားသွက်သော Penta Valent Vaccine များကိုသာ တိုးတက်ထုတ်လုပ်လာကြရာ အသွင်ကူးပြောင်းရေးကာလတွင် ဆက်လက်အသုံးပြုရန် လိုအပ်သော ကာကွယ်ဆေးတစ်မျိုးချင်း ထုတ်လုပ်မှုများကို ရပ်စဲလာကြသည်။

ထို့ကြောင့် တိုင်းပြည်များအနေဖြင့် ပုံမှန်တစ်မျိုးချင်းထိုးနေသော ကာကွယ်ဆေးများရရှိမှုမရှိသော အခက်အခဲနှင့် ရင်ဆိုင်ကြရပါသည်။ ဥပမာ- DPT ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်ရောဂါကာကွယ်ဆေး၊ Hepatitis B အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးတစ်မျိုးချင်းကို မထုတ်လုပ်ကြတော့ဘဲ Penta Valent Vaccineကို ထုတ်လုပ်လာကြသဖြင့် သုံးလက်စဖြစ်သော ၎င်းဆေးများ ဝယ်ယူရရှိမှုအခက်အခဲများကို မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံအချို့ ရင်ဆိုင်လာကြရပါသည်။ Penta Valent Vaccine ကို GAVI အဖွဲ့မှ ၂၀၁၂ ခုနှစ် နှစ်လယ်မှ စတင်ထောက်ပံ့နိုင်ရန် စီစဉ်ထားသော်လည်း ကျန်းမာရေးဝန်ကြီးဌာနက ၎င်းထက် ဆောလျင်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းမတိုင်မီကာလတွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် လိုအပ်သော DPT နှင့် Hepatitis B ကာကွယ်ဆေးများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် UNICEF အဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ညှိနှိုင်းဆောင်ရွက်နေသောကာလတွင်သာ ကာကွယ်ဆေးအနည်းငယ် လိုအပ်လျက်ရှိပြီး ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ်အတွက် ပုံမှန်ထိုးနေသောကာကွယ်ဆေးများ ဆက်လက်ရရှိစေရေးနှင့် ကာကွယ်ဆေးအသစ် Penta Valent အချိန်မီရရှိနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိရာ မိဘများအနေဖြင့် မိမိတို့ရင်သွေးငယ်များကို ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများအား ၂၀၁၂ ခုနှစ်ကို ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှစ် (Intensification of Routine Immunization Year) အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ၂၀၁၂ ခုနှစ်အတွင်း သိသာစွာ တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးကူညီမှု (အထူးသဖြင့် ကာကွယ်ဆေးအသစ်များ Penta Valent Vaccine ဝယ်ယူရန် ရန်ပုံငွေ ခွင့်ပြုခြင်း)နှင့် ဦးဆောင်လမ်းညွှန်မှုများရရှိထားပြီး ကျန်းမာရေးဝန်ကြီးဌာနကလည်း လုပ်ငန်းအောင်မြင်ရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ပွဲတော်တွင် ပန်းပင်များ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကာလအတွင်း ကုန်းတော်တစ်ခုလုံး၌ ပန်းပေါင်းစုံစွာ ဖူးပွင့်ဝေဆာစေရန် စီစဉ်ထားရာ ပန်းပင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါပွဲတော်ကာလတွင် ပန်းပင်ပေါင်း ၅၄၀၀၀၀ စိုက်ပျိုးလှူဒါန်းမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ဖူးပွင့်စေရန် စီစဉ်ထားသကဲ့သို့ ပန်းပင်လှူဒါန်းလိုသူများအတွက် အဆင်ပြေလွယ်ကူမှုရှိစေရန် ဂေါပကအဖွဲ့က အလှူခံဌာနတစ်ခုကိုလည်း ရင်ပြင်တော်မြောက်ဘက်ရှိ ဒဂုန်ခင်ခင်လေး တန်ဆောင်းအနီး၌ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ထိုသို့လှူဒါန်းနိုင်သော ပန်းပင်များမှာ မေမြို့ပန်း တစ်ပင်လျှင် ငွေကျပ် ၃၀၀ နှုန်း၊ ဘိသိက်ပန်းတစ်ပင်လျှင် ငွေကျပ် ၅၀၀ နှုန်း၊ ဒေါင်းဖန်ဝါ၊ ချစ်ဇီးပန်းတစ်ပင်လျှင် ငွေကျပ် ၅၀၀ နှုန်း၊ ဒေလီယာနေကြာ တစ်ပင်လျှင် ငွေကျပ် ၅၀၀ နှုန်း၊ မည္ဘိုးလုံး၊ ကျားမျက်လုံးတစ်ပင်လျှင် ငွေကျပ် ၅၀၀ နှုန်း၊ ပန်းကညွတ်၊ ပင်စိမ်း၊ ကြက်မောက် တစ်ပင်လျှင် ငွေကျပ် ၅၀၀ နှုန်း စသည်ဖြင့် သတ်မှတ်ထားပြီး ယင်းဈေးနှုန်းများမှာ ပန်းအိုး၊ ပန်းအိတ်များ ကုန်းတော်ပေါ်သို့ ပို့ဆောင်ခြင်း၊ ပွဲတော်ကာလအတွင်း ထိန်းသိမ်းခြင်းများလည်း ပါဝင်ကြောင်းသိရသည်။ (၆၈၀)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးဆုရ မပြည့်သဇင်အား ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကျော်လှိုင် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဇန်နဝါရီ ၂၇ ရက်က သာကေတမြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ သာကေတမြို့နယ် ရပ်ကွက်စာကြည့်တိုက်များသို့ ထောက်ပံ့ငွေပေးအပ်ပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်ဆွေက ထောက်ပံ့ငွေကျပ် သိန်း ၂၀ ကို စာကြည့်တိုက် တစ်တိုက်လျှင်ငွေကျပ် ၁၀၅၂၆၃ နှုန်းဖြင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများထံ ပေးအပ်လှူဒါန်းစဉ်။
(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၂-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၅၀	၂။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	၃။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅	၄။	"အရေးကြီးလို့ပါ"
၈း၂၅	၅။	(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၆။	International News

နေ့လယ်ပိုင်း

၁၁း၂၀	၁။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၄၇)**
၁၂း၃၀	၃။	မြန်မာရုပ်ရှင် "မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍" (လွင်မိုး၊ အောင်လွင်၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-ဦးတင်ယု)

ညပိုင်း

၄း၃၀	၁။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ်(ရသစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)
၄း၄၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀	၃။	(၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၀၀	၄။	"ကင်ဆာရောဂါအဖြေရှာ"
၆း၂၀	၅။	တစ်မျက်နှာ၊ တစ်ကွက်စာ "တိုက်ပုံနှင့်လူ" (သားညီ၊ ဟန်လေး) [ဒါရိုက်တာ-မေတင် (MMG)]
၆း၃၅	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၁၀)**
၇း၄၅	၇။	"ဧရာဝတီအတွက် နောက်ထပ်တံတားတစ်စင်း" (အပိုင်း-၂)
၈း၀၀	၈။	ပြည်တွင်းသတင်း
	၉။	**ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၈၉)**
	၁၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ" (အပိုင်း-၁၂)**

တရုတ်နှင့် ဂျာမနီခေါင်းဆောင်များ ပေကျင်းမြို့၌တွေ့ဆုံ နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရန် တရုတ်သမ္မတ ပြောကြား

ပေကျင်း ဖေဖော်ဝါရီ ၄

တရုတ်နိုင်ငံသည် ဂျာမနီနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်နိုင်ရန် နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုများကို တိုးမြှင့်ပြုလုပ်သွားရန် လိုလားကြောင်း သမ္မတ ဟူကျင်တောင်က ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်နှင့် မြို့တော်ပေကျင်း၌ ဖေဖော် ဝါရီ ၃ ရက်က တွေ့ဆုံရာတွင် ပြောကြားသည်။

တရုတ်နှင့် ဂျာမနီခေါင်းဆောင်များသည် ပေကျင်းမြို့ရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ ဖေဖော်ဝါရီ ၃ ရက်က တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

တရုတ်နှင့် ဂျာမနီနိုင်ငံတို့သည် မကြုံစဖူး ထူးထူးခြားခြား ဆက်ဆံရေးတိုးတက်လျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ က သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်မှ စ၍ နှစ်နိုင်ငံဆက်ဆံရေး မြင့်မားတိုးတက်လာကြောင်း ဟူက ပြောကြားသည်။ ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံတို့သည် နိုင်ငံတကာ အသိုက်အဝန်း၌ အရေးပါသော အင်အားစုများဖြစ်ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ပြုလုပ်သွားကြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***ဆင်ဟွာ။***

ဖေဖော်ဝါရီ ၃ ရက်က ပေကျင်းမြို့ရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ တရုတ်နိုင်ငံသမ္မတ ဟူကျင်တောင်နှင့် ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် အိန်ဂျလာ မာကဲလ်တို့ တွေ့ဆုံကြစဉ်။

ရေခဲမြစ်မှ ရေခဲကို ခိုးယူမှုဖြင့် ချီလီ၌ အမျိုးသားတစ်ဦး အဖမ်းခံရ

ဆန်တီယေဂို ဖေဖော်ဝါရီ ၄

ချီလီနိုင်ငံ၌ ဂျော့ဂ်ျမောင့်အမည်ရှိ ရေခဲမြစ်မှ ရေခဲငါးတန်ကျော် ခိုးယူခဲ့သည်ဆိုမှုဖြင့် အမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၃ရက်တွင် ပြောကြားသည်။

အဆိုပါရေခဲမြစ်မှ ရယူခဲ့သောရေခဲကို အရက်ဆိုင်များ၌ အရက်များကိုရောစပ်ရာ၌ အသုံးပြုနိုင်ရေးအတွက် အဆိုပါအမျိုးသားက စီးပွားဖြစ်ရောင်းချရန် စီစဉ်ခဲ့ကြောင်း၊ ရေခဲမြစ်မှ ရယူခဲ့သောရေခဲကို တင်ဆောင်ကာ မောင်းနှင်လာသည့် ထရပ်ကားတစ်စီးကို ရဲတပ်ဖွဲ့က ကြားဖြတ်ဟန့်တားခဲ့ပြီး မော်တော်ယာဉ်မောင်းကို ဖမ်းဆီးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

သဘာဝအမွေအနှစ်

ချီလီနိုင်ငံ၌ ဂျော့ဂ်ျမောင့်ရေခဲမြစ်ကို သဘာဝအမွေအနှစ်တစ်ခုအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားသည်။

အဆိုပါရေခဲမြစ်မှ ရယူခဲ့သောရေခဲကို ဆန်တီယေဂိုမြို့ရှိ အရက်ဆိုင်များနှင့် စားသောက်ဆိုင်များသို့တင်ပို့ကာ စီးပွားဖြစ်ရောင်းချရန် စီစဉ်ခဲ့ကြောင်း၊ သိမ်းဆည်းရမိခဲ့သော ရေခဲမှာ ကာလပေါက်ဈေး ဒေါ်လာ ၆၁၀၀ ကျော် တန်ဖိုးရှိကြောင်း၊ သဘာဝအမွေအနှစ်ဖြစ်သော ရေခဲမြစ်ကို ပျက်စီးစေမှုဖြင့် အရေးယူရန် သင့်/မသင့် ရဲတပ်ဖွဲ့က စဉ်းစားသုံးသပ်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ ***အင်တာနက်။***

ရုရှားနိုင်ငံ၏ မဟာဗျူဟာမြောက် ဒုံးလက်နက်ကို တွေ့ရစဉ်။

ရုရှားနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ ဒုံးလက်နက်ကာကွယ်ရေး စစ်ရေးလေ့ကျင့်မည်

မော်စကို ဖေဖော်ဝါရီ ၄

ရုရှားနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)တို့သည် ဒုံးလက်နက်ကာကွယ်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ဂျာမနီနိုင်ငံ၌ မတ်လတွင် ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားအထက်တန်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားသည်။

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလက တူရကီနိုင်ငံ လစ္စဘွန်း မြို့၌ ကျင်းပခဲ့သော နေတိုး-ရုရှား ထိပ်သီးဆွေးနွေးပွဲ၌ ဒုံးလက်နက်ကာကွယ်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ရန် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည်။

ဒုံးလက်နက်ကာကွယ်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် နေ့ရက်အတိအကျကို သတ်မှတ်ရခြင်း မရှိသေးကြောင်း ရုရှားဒုတိယကာကွယ်ရေးဝန်ကြီး အင်နာတိုလီအင်တိုနော့ဗ်က ပြောကြားသည်။

ရုရှားနိုင်ငံနှင့် နေတိုးအဖွဲ့တို့သည် ဒုံးလက်နက်ကာကွယ်ရေးဆိုင်ရာဆွေးနွေးပွဲ တံ့ဆိုင်းမှုရှိနေလင့်ကစား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံက ထောက်ခံသော ဥရောပဒုံးလက်နက် ကာကွယ်ရေးစနစ်သည် မိမိ၏နိုင်ငံကို ရည်ရွယ်ခြင်းမပြုရန် ရုရှားနိုင်ငံက တောင်းဆိုခဲ့သည်။

ဥရောပ၌ဖြန့်ကြက်မည့် ဒုံးလက်နက်ကာကွယ်ရေးစနစ်သည် ရုရှားနိုင်ငံကို ရည်ရွယ်သည်မဟုတ်ဘဲ အီရန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ကိုသာ ရည်ရွယ်ကြောင်း အမေရိကန်နိုင်ငံက ပြောကြားခဲ့သည်။ ***အင်တာနက်။***

အီတလီနိုင်ငံတစ်ဝန်း၌ ဆီးနှင်းဖုံးလွှမ်းမှုကြောင့် သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများထိခိုက်

ရောမ ဖေဖော်ဝါရီ ၄

အီတလီနိုင်ငံတစ်ဝန်း၌ ဆီးနှင်းများ သိပ်သည်းစွာကျရောက်မှုကြောင့် သယ်ယူပို့ဆောင်ရေးနှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ထိခိုက်ခဲ့ရကြောင်း သတင်းဌာနများက ဖေဖော်ဝါရီ ၄ရက်တွင် သတင်းထုတ်ပြန်သည်။

ရောမမြို့၌ လမ်းများပေါ်တွင် ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသည်။ မြို့တော်ရှိ စာသင်ကျောင်းများနှင့် အများပြည်သူဆိုင်ရာ ရုံးဌာနများကို ခေတ္တပိတ်ထားရသည်။ အခြားသောမြို့ကြီးများ၌လည်း ဆီးနှင်းများဖုံးလွှမ်းလျက်ရှိရာ လမ်းအလုပ်သမားများက ဆီးနှင်းများကို ဖယ်ရှားနိုင်ရန် လုပ်ဆောင်လျက်ရှိကြသည်။

ရောမမြို့၌ ဆီးနှင်းများကို ရှင်းလင်းပေးနိုင်ခဲ့သော်လည်း မြို့တော်နှင့် နိုင်ငံ၏အခြားသောမြို့ကြီးများကို ဆက်သွယ်သော အဝေးပြေးလမ်းများကိုမူ ပိတ်ထားရသည်။

ရောမမြို့ရှိ ကမ္ဘာလှည့်ခရီးသွားများ အလည်အပတ်လာရောက်လေ့ရှိသော သမိုင်းဝင်နေရာများကိုလည်း ပိတ်ထားရကြောင်း အီတလီအန်ဆာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ရာသီဥတုဆိုးရွားမှုကြောင့် ရထားခရီးစဉ်များကို ဆိုင်းငံ့ထားခဲ့ရသည်။ ဘူတာရုံများတွင် ခရီးသည်ထောင်ပေါင်းများစွာ ပိတ်မိနေကြောင်း သတင်းတွင်ဖော်ပြသည်။ **အင်တာနက်။**

ဥရောပ တစ်ဝန်း၌ ဖြစ်ပွားနေသည့် ထူးကဲသော ရာသီဥတု ဖြစ်စဉ်များကြောင့် အီတလီနိုင်ငံ ရောမမြို့၌ ဆီးနှင်းများ ဖုံးလွှမ်းလျက် ရှိသည်ကို တွေ့ရစဉ်။



နျူကလီးယားညီလာခံသို့ အစ္စရေးတက်ရန် ဘန်ကီမွန်း မျှော်လင့်

နယူးယောက် ဖေဖော်ဝါရီ ၄

အရှေ့အလယ်ပိုင်းဒေသ၌ နျူကလီးယားလက်နက် ကင်းရှင်းရေးဇုန်နယ်မြေထူထောင်ရေးဆိုင်ရာ နိုင်ငံတကာညီလာခံသို့ အစ္စရေးကိုယ်စားလှယ်စေလွှတ်သင့်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဖေဖော်ဝါရီ ၂ ရက်တွင် တိုက်တွန်းလိုက်သည်။

ဖိတ်ခေါ်မည်

ဖင်လန်နိုင်ငံ ဟဲလ်ဆင်ကီမြို့၌ ယခုနှစ်အတွင်းကျင်းပမည့် အရှေ့အလယ်ပိုင်းဒေသ နျူကလီးယားလက်နက် ကင်းရှင်းရေးဇုန်ပေါ်ထွန်းလာရေး နိုင်ငံတကာဆွေးနွေးပွဲသို့ တက်ရောက်ရန် အစ္စရေးနိုင်ငံအား ဖိတ်ခေါ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။ ***အင်တာနက်။***

ကမ္ဘောဒီးယား၌ တင့်ကားဖျက်မိုင်းပေါက်ကွဲ လူရှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

ဖနောင်ပင် ဖေဖော်ဝါရီ ၄

ကမ္ဘောဒီးယားနိုင်ငံ ဘန်တေးမန်ချေးပြည်နယ်၌ တင့်ကားဖျက်မိုင်းဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၄ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဘန်တေး မန်ချေးပြည်နယ်၌ ဖေဖော်ဝါရီ ၃ ရက်က မိုင်းဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ တင့်ကားဖျက် မိုင်းဗုံးတစ်လုံးအပေါ်မှ လယ်ထွန်စက်တစ်စီး ဖြတ်သန်းမောင်းနှင်ရာမှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဟက်ခွန်နဲက ပြောကြားသည်။

အဆိုပါ လယ်ထွန်စက်ပေါ်၌ လူကိုးဦး လိုက်ပါလာခဲ့ပြီး ခုနစ်ဦးမှာ ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း၊ တစ်ဦးမှာ ဆေးရုံအရောက်တွင် သေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရသူတစ်ဦးမှာလည်း စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း ၎င်းက ပြောကြားသည်။ ဘန်တေးမန်ချေးပြည်နယ် မာလီခရိုင် ဘန်တေးမြို့အနီးရှိ ဆမ်ပိုကျေးရွာ၌ ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ၁၉၇၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ မြေမြှုပ်မိုင်းဗုံး ပေါက်ကွဲမှုဖြစ်ရပ်များကြောင့် လူပေါင်း ၁၉၆၁၉ ဦးသေဆုံးခဲ့ရပြီး ၃၅၅၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ၌ ၁၉၆၀ ပြည့်လွန်နှစ်များမှသည် ၁၉၉၈ ခုနှစ်အထိ ပြည်တွင်းစစ်ဖြစ်ပွားခဲ့မှု၏ အကျိုးဆက်အဖြစ် မပေါက်ကွဲဘဲကျန်ရှိနေသော မြေမြှုပ်မိုင်းဗုံးများ ရှိနေသည်။ ***ဆင်ဟွာ။***

အာဖဂန်တပ်ဖွဲ့များနှင့် တာလီဘန်တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများရှိနေ

ကဘူး ဖေဖော်ဝါရီ ၄

လျှို့ဝှက်အဆင့်မှ ပယ်ဖျက်လိုက်သော အမေရိကန်စစ်ဘက်အစီရင်ခံစာတစ်စောင်၏အဆိုအရ မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့များ အာဖဂန်နစ္စတန်မှ ထွက်ခွာမည့်ကာလအတွက် ပြင်ဆင်သည့်အနေဖြင့် အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များသည် တာလီဘန်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာကြကြောင်း ဖေဖော်ဝါရီ ၂ ရက်သတင်းများတွင် ဖော်ပြသည်။

အာဖဂန်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ လက်နက်များနှင့် ယာဉ်ယန္တရားများကို တာလီဘန်များထံရောင်းချခြင်း၊ ထောက်လှမ်းရေးသတင်းများမျှဝေခြင်းတို့အပြင် အပစ်အခတ် ရပ်စဲရေးဆိုင်ရာ လျှို့ဝှက်သဘောတူညီချက်များပါ ရယူထားကြောင်း အမေရိကန်စစ်ဘက်၏အစီရင်ခံစာက တင်ပြထားသည်။ အာဖဂန်စစ်မြေပြင်မှ ဖမ်းဆီးရမိခဲ့သော တာလီဘန် သောင်းကျန်းသူ ထောင်ပေါင်းများစွာတို့အား စစ်ဆေးမေးမြန်းချက်များကို အခြေပြု၍ အဆိုပါအစီရင်ခံစာအား ပြုစုထားခြင်းဖြစ်သည်။

နေတိုးအဖွဲ့၏ လေ့လာချက်အရ ၎င်းတို့အနေဖြင့် အမေရိကန်တပ်ဖွဲ့များ၏ ထိုးနှက်မှုကို ကျော်ဖြတ်နိုင်ခဲ့ပြီး အာဖဂန်နစ္စတန်၏ အချုပ်အခြာအာဏာအား ပြန်လည်ထိန်းချုပ်နိုင်စွမ်းရှိသည်ဟု တာလီဘန်တိုက်ခိုက်ရေးသမားများက ယုံကြည်ထားကြောင်း သိရသည်။

နေတိုးတပ်ဖွဲ့များ ၂၀၁၄ ခုနှစ်တွင် ထွက်ခွာပြီးနောက် အာဖဂန်နစ္စတန်၏ လုံခြုံရေးတာဝန်များကို လွှဲပြောင်းရယူရမည့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များအား အလွယ်တကူထိန်းချုပ်နိုင်ကြောင်း တာလီဘန်များက ယုံကြည်လျက်ရှိသည်ဟု ဆိုသည်။

ပြည်ပအကူအညီများရရှိရေးနှင့် တောင်ပိုင်းဒေသမှ ပွတ်ရှုတွန်းမျိုးနွယ်စုများကို ထိန်းချုပ်ရန် အာဖဂန်အစိုးရသည် ရည်ရွယ်ချက်ရှိရှိ စစ်ပွဲအားအချိန်ဆွဲ ဆင်နွှဲနေခြင်းဖြစ်ရာ စေ့စပ်ဆွေးနွေးခြင်းဖြင့် အလုပ်မဖြစ်နိုင်ကြောင်း တာလီဘန်များက ယူဆထားသည်ဟု အမေရိကန်စစ်ဘက်အစီရင်ခံစာတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် ပို့ဆောင်ရေးဆောင်ရွက်ချက် (နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်)

* ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်တွင် ၂၀၀၉ ခုနှစ် ဧပြီ ၇ ရက်မှစတင် တည်ဆောက် အကောင်အထည်ဖော်ခဲ့သည့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။
* နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဆောက်အအုံသည် ၆၆၀၃၄၇ စတုရန်းပေ ကျယ်ဝန်းသည်။ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြေးလမ်းပေ(၁၂၀၀၀×၂၀၀)၊ လေယာဉ်ရပ်နားနေရာ ပေ(၁၂၀၀×၉၀၀) (ကွန်ကရစ်)၊ လေယာဉ်ကွေ့ရန်နေရာ ပေ(၃၅၀×၁၅၀)နှစ်ခု၊ ပြေးလမ်းအထူ ၂၆ လက်မ၊ ပြေးလမ်းခံနိုင်အား ပေါင် ၈၇၃၀၀၀၊ လေဆိပ်အဆောက်အအုံ အရေးကြီးပုဂ္ဂိုလ်နားနေဆောင် (၁၉၅× ၁၃၀)ပေ၊ ခရီးသည်အဆောက်အအုံ (၉၆×၆၀)ပေတို့ကို ထည့်သွင်းတည်ဆောက်ထားသည်။
* တစ်နှစ်လျှင် ပြည်တွင်းခရီးသည် နှစ်သန်း၊ ပြည်ပခရီးသည် သုံးသန်း စုစုပေါင်းခရီးသည် ငါးသန်းကို ဝန်ဆောင်မှုပေးနိုင်ပြီး လေယာဉ်ဆိုက်ကပ်နိုင်သော ခရီးသည် ပေါင်းကူးတံတား ၁၀ စင်းပါဝင်ကာ တစ်နှစ်လျှင် လေယာဉ်စင်းရေ ၅၀၀၀၀ မှ ၆၅၀၀၀ အထိ ဆိုက်ရောက်နိုင်သည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်တို့ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကမ္ပည်းမော်ကွန်းကို Touch Globe ဖြင့် ဖွင့်လှစ်ပေးကြစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

* နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တည်ဆောက်ဖွင့်လှစ်ပေးခြင်း၏ရည်ရွယ်ချက်မှာ မြန်မာ့ဝေဟင်ပိုင်နက်အား တစ်လက်မ မကျန်အောင်အသုံးချပြီး နိုင်ငံတော်၏စီးပွားရေးကို လေကြောင်းကဏ္ဍမှ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် ဖြစ်သည်။ နိုင်ငံတကာလေကြောင်းလိုင်းများမှ မည်သည့်လေယာဉ်အမျိုးအစားကိုမဆို ဆင်းသက်ခွင့်၊ ရပ်နားခွင့်နှင့် ဖြတ်ကျော်ပျံသန်းခွင့်တို့ကို ဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည်။ ဆင်းသက်ရပ်နားသည့် လေယာဉ်များအတွက် လောင်စာဆီ ဖြည့်တင်းခြင်း၊ စက်ကိရိယာပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များရှိပါက ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရန် ဖြစ်သည်။
* အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းများပေးပို့လက်ခံခြင်းကိစ္စရပ်များကို လေကြောင်းမှ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်ပေးနိုင်ရန်ဖြစ်သည်။ နိုင်ငံတကာနှင့် စီးပွားရေး၊ လူမှုရေး၊ သံတမန်ဆက်ဆံရေးများ တိုးမြှင့်ဆောင်ရွက်လာသည်နှင့်အမျှ တိုးတက်လာသော နိုင်ငံတကာခရီးသည် ဝင်ထွက်သွားလာမှု သိပ်သည်းထူထပ်လာခြင်းအပေါ် အဆင်ပြေချောမွေ့စေရေး ဖြေရှင်းပေးနိုင်ရန်ဖြစ်သည်။ နေပြည်တော်ကိုဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွယ်ကူစွာ သွားလာနိုင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို သွက်လက်လျင်မြန်စွာ ဆောင်ရွက်သွားနိုင်ရန်ဖြစ်သည်။

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း နိုင်ငံတကာအဆင့်မီ ထွက်ခွာခန်းမကို တွေ့ရစဉ်။

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း စီးပွားရေးအထူးပုဂ္ဂိုလ်ခန်းမ၊ ကူးပြောင်းခရီးစဉ်နေရာပြ ခန်းမတစ်နေရာကို တွေ့ရစဉ်။

❖ကျောဖုံးမှ

ယခုအခါ ဆဋ္ဌမအကြိမ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ထွန်းဖောင်ဒေးရှင်းစာပေဆုကဲ့သို့ပင် ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ပခုက္ကူဦးအုံးဖေစာပေဆုများကိုလည်း ချီးမြှင့်လျက်ရှိရာ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်အတူ တစ်ထောင့်တစ်နေရာမှ ပံ့ပိုးဖြည့်ဆည်းမှုများပင်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက စာပေဆုများ ထပ်မံပေါ်ပေါက်လာပါကလည်း ကြိုဆိုလျက် ရှိပါကြောင်း။

ယနေ့ ချီးမြှင့်သည့် စာပေဆုများတွင် နိုင်ငံနှင့်လူမျိုးအတွက် သိကောင်းစရာများ ပါဝင်သည်ကို တွေ့ရသည့်အပြင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့် စာအုပ်နှင့်စာမူများအား ဆုချီးမြှင့်ထားသည်ကို တွေ့ရရာ မြန်မာစာပေအတွက်ရော၊ အင်္ဂလိပ်ဘာသာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ များစွာအထောက်အကူ ပြုသွားမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာ၌ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် မဏ္ဍိုင်သုံးရပ် တည့်မတ်ရန်လိုပြီး ယင်းမဏ္ဍိုင်သုံးရပ်ကို စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းမဏ္ဍိုင်က ထိန်းကျောင်းတည့်မတ်ပေးရမည်ဟု ဆိုထားပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် အရာရာကို အဆုံးအဖြတ်ပေးမည်မှာ ပြည်သူဖြစ်၍ ပြည်သူသည် ပဉ္စမမဏ္ဍိုင်ဖြစ်မလားဟု တွေးမိကြောင်း၊ ပြည်သူများ မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်ဆုံးဖြတ်နိုင်ရန် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် မဏ္ဍိုင်သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင်တို့က အပြန်အလှန် ဆောင်ရွက်ပေးရမည်ဟု ထင်မြင်ယူဆပါကြောင်း။

အသိပညာ ဗဟုသုတများပေးဝေမည့် စတုတ္ထမဏ္ဍိုင်နှင့် စပ်လျဉ်း၍ စာနယ်ဇင်းများ ဘက်မလိုက်ရန်၊ အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြရာတွင် ပြည်သူများမှန်မှန်ကန်ကန် ရှုမြင်သုံးသပ်နိုင်ရေးအတွက် ဘက်စုံကဏ္ဍစုံက လေ့လာဖော်ထုတ်ရေးသားရန်၊ ယင်းသို့ ရေးသားရာ၌ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ရှိရန်၊ ဒီမိုကရေစီခေတ်ဖြစ်၍ လွတ်လပ်စွာ တွေးခေါ်ယူဆခွင့်၊ ကွဲပြားထင်မြင်ခွင့်များ ရှိနိုင်သကဲ့သို့ Unity and Democracy ကိုလည်း ထင်ဟပ်ဖော်ဆောင်နိုင်ရန်နှင့် အမျိုးသားရေးကို အခြေခံဆောင်ရွက်ရန် စသည့် အချက်(၅)ချက်သည် အနာဂတ်ကို သွားရာတွင် စတုတ္ထမဏ္ဍိုင်အနေဖြင့် ရှေးရှုရမည့် အချက်များဟု ယူဆပါကြောင်း။

ယခုအခါ မိမိတို့အနေဖြင့် စာပေစာနယ်ဇင်းဥပဒေကို ရေးဆွဲလျက်ရှိပါကြောင်း၊ ယင်းဥပဒေသည် ပိတ်ပင်ရန်၊ တားဆီးရန်မဟုတ်ဘဲ စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်ဖြစ်စေရန် ရည်ရွယ်ရေးဆွဲနေခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများ အပါအဝင် လက်လှမ်းမီသမျှ နိုင်ငံများမှ ဥပဒေများကို လေ့လာ၍ စာပေစာနယ်ဇင်းဥပဒေကို ရေးဆွဲနေခြင်းဖြစ်ကြောင်း၊ မိမိတို့ ရေးဆွဲနေသည့် ဥပဒေသည် အာဆီယံနိုင်ငံများစံထက် မနိမ့်ကျဟု ပြောလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီနာယက ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာကောင်းပေမွန်များ ပေါ်ထွက်လာရေးနှင့် စာဖတ်ပရိသတ် တိုးပွားလာရေးကို ရည်ရွယ်ချက်၊ ရည်မှန်းချက်ထားရှိပြီး ယခုကဲ့သို့ စာပေဆုများ ချီးမြှင့်လာခဲ့သည်မှာ ဆဋ္ဌမအကြိမ် ရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း။

ထွန်းဖောင်ဒေးရှင်း စာပေဆုပေးပွဲကို ၂၀၀၅ ခုနှစ်မှစ၍ တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသည် နိုင်ငံအကျိုးပြုစာပေနှင့် စာကောင်းပေမွန်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထွန်းဖောင်ဒေးရှင်းသည် အများပြည်သူအကျိုးအတွက် တတ်စွမ်းသမျှ ကူညီဖြည့်ဆည်းနိုင်ရေးကို ရည်ရွယ်ချက်ထားရှိပြီး တည်ထောင်ထားသော အဖွဲ့အစည်းဖြစ်သည့်အတွက် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ဘက်စုံ၊ ကဏ္ဍစုံ၌ အထောက်အကူပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးကော်မတီဝင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးမြင့်ကြွယ်က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကိုတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရ အငြိမ်းစားသံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးသက်ထွန်းကိုယ်စား ဦးသော်ကောင်းအား လည်းကောင်း၊ "Aspects of Myanmar History And Culture" စာအုပ်ဖြင့် ဆုရ ဦးသော်ကောင်းအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

မြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း Aspects of Myanmar History And Culture စာအုပ်ဖြင့် ဆုရရှိသော ဦးသော်ကောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် “ပြည့်စုံမြန်မာ-အင်္ဂလိပ်အဘိဓာန်” စာအုပ်ဖြင့် ဆုရ စံလွင်နှင့် “ဘုရင့်နောင် မင်းတရားကြီး ဘဝအတွေးအခေါ်၊ ယုံကြည်ချက်နှင့် ဆောင်ရွက်ချက်များ” စာအုပ်ဖြင့် ဆုရ ဒေါက်တာတိုးလှ၊ “သွေးချိုရောဂါအကြောင်းသိသင့်သမျှ” စာအုပ်ဖြင့် ဆုရ ပါမောက္ခနေဝင်း(ဆေးပညာ)၊ “ မြန်မာနိုင်ငံဘဏ်လုပ်ငန်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ” စာအုပ်ဖြင့် ဆုရ ဦးသိန်းခိုင်(ဘဏ်)၊ “ဓမ္မစေတီခေါင်းလောင်းကြီး၏ လျှို့ဝှက်ချက်များ” စာအုပ်ဖြင့် ဆုရ ချစ်စံဝင်း၊ “ကိုလိုနီခေတ် မြန်မာစာပေသမိုင်း” စာအုပ်ဖြင့် ဆုရမောင်ခင်မင်(ဓနုဖြူ)၊“ကိုလိုနီခေတ်မြန်မာ့သမိုင်းအဘိဓာန်” စာအုပ်ဖြင့် ဆုရမြပတ်၊"A Chronicle of the Mons" စာအုပ်ဖြင့် ဆုရ ဦးထွန်းအောင်ချိန် ကိုယ်စား ဦးစိုးဝင်း၊ “ လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံ” စာအုပ်ဖြင့် ဆုရ ထွန်းရီ(ရှေးဟောင်းသုတေသီ)၊“လျှို့ဝှက်စစ်ရေးတာဝန်ခရီးမှ ပုံရိပ်များ” စာအုပ်ဖြင့် ဆုရ သခင်လှကွန်းကိုယ်စား သမီး ဒေါ်အေးအေးကွန်း၊ “အသံလွှင့် အနုပညာ” စာအုပ်ဖြင့် ဆုရ ကိုဖိုးအေး (မြန်မာ့အသံ)၊ War and Tactics in Traditional Myanmar "စာမူဖြင့် ဆုရ ဒေါက်တာမျိုးမြင့်၊ “ရွှေရတုဘာဘစစ်ဆင်ရေး” စာမူဖြင့် ဆုရ တိမ်ဦး၊ “ လက်ဝဲနော်ရထာ၏ ဆင်ဖြူရှင်မင်းတရားကြီး အရေးတော်ပုံ သမိုင်းတော်” စာမူဖြင့် ဆုရ ကျော်ဆွေဦးနှင့် “အရုဏ်ဦးမှာ ဖူးတဲ့ပန်း ကလေးကဗျာများ” စာမူဖြင့် ဆုရ ရွှေမြိုင်ပြုံးလဲ့မော်တို့အား ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ထွန်းဖောင်ဒေးရှင်းစာပေဆု ကော်မတီနာယက ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီဝင်များ၊ ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီနာယက ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီသို့ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ ဆုရွေးချယ်ရေးကော်မတီဝင် ဦးလှထွန်း(လှထွန်း-တွံတေး)က လက်ခံသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ဆဋ္ဌမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၁၁)စာပေဆုရ စာအုပ်များ၊ ဆုရစာမူများနှင့် ထွန်းဖောင် ဒေးရှင်း ဘဏ်မှ ထုတ်ဝေသည့် စာအုပ်များကို ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ **တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရ အဓွန့်ရှည် တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။**
- ☆ **ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။**
- ☆ **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားအောင် ဖော်ဆောင်ရေး။**
- ☆ **ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်း ဆောင်ရွက်ရေး။**
- ☆ **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။**

ရန် ကုန် မြို့ Park Royal Hotel ၌ ကျင်းပသည့် သီရိလင်္ကာ ဒီ မို က ရက် တစ် သမ္မတ နိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ညစာစားပွဲ အခမ်း အနားသို့ တက် ရောက်လာသော ရန်ကုန်တိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ အား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဒီမို ကရက်တစ်သမ္မတ နိုင်ငံ သံအမတ်ကြီး H.E.Mr. Handunnethi Rannulu Plyasiri ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် အထူးကုဆရာဝန်ကြီးများအဖွဲ့ သံတောင်မြို့၌ ဒေသခံများအား ကျန်းမာရေးပြုစုစောင့်ရှောက်ကုသ

နေပြည်တော် ဖေဖော်ဝါရီ ၄

ကရင်ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာခင်မောင်လင်းနှင့် ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးမူတို့ ခေါင်းဆောင်သော ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်၊ သူနာပြုစုစုပေါင်း ၃၃ ဦး အဖွဲ့သည် ဇန်နဝါရီ ၂၈ ရက်တွင် သံတောင်မြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ သံတောင်မြို့ပေါ်နေပြည်သူများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာသူကျေးရွာသားများ၊ တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အခမဲ့ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးကြရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကြပြီး သက်ကြီးအဘိုး၊ အဘွားများအား အနွေးဝတ် အင်္ကျီနှင့်စောင်များ၊ ကလေးများအတွက် ကရင်တိုင်းရင်းသား ဝတ်စုံအင်္ကျီများ၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် စောင်နှင့်အိုင်အိုဒင်းဆားထုပ်များပေးအပ်ကြကာ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ မျက်စိဝေဒနာရှင်များအတွက် လှူဒါန်းသော မျက်မှန်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများက အခမဲ့ တပ်ဆင်လှူဒါန်းပေးကြသည်။

ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘားအံပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ထောက်ပံ့အလှူငွေများပေးအပ်ကြကာ ကျန်းမာရေးပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ သံတောင်မြို့ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဘားအံပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် သံတောင်မြို့ မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်၊ သူနာပြုများပါဝင်သော အဖွဲ့ ၁၀ ဖွဲ့ဖြင့် ဆေးဝါးအခမဲ့ကုသပေးမှုတွင် လာရောက်ကုသသူ စုစုပေါင်း ၈၂၅ ဦးဖြစ်ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်အလက် ၁၈၀ ကို အခမဲ့ဖြန့်ဝေတပ်ဆင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန အခြေခံပညာအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးအေးကြူ ပညာရေးဝန်ကြီးဌာန အခြေခံပညာအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၄

ပညာရေးဝန်ကြီးဌာန အခြေခံပညာအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးအေးကြူ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ပညာရေးစာရင်းအင်းများ တိကျမှန်ကန်စွာပြုစုကြရန်နှင့် ပညာရည်မြင့်မားရေးအတွက် ဦးတည်ဆွေးနွေးကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဦးစီးဌာနများနှင့် အဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဥက္ကဋ္ဌ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဦးစီးဌာနအလိုက်၊ အဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါအခြေခံပညာအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့(၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ဆက်လက်ကျင်းပရာ တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Scott HEND (AUS) က သုံးရက်ပေါင်း ၁၆ ချက် လျော့ရိုက်ပြီး ရိုက်ချက် ၂၀၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ Kiradech APHIBA-RNRAT (THA)က သုံးရက်ပေါင်း ၁၅ ချက် လျော့ရိုက်ပြီး ၂၀၁ ချက်ဖြင့် ဒုတိယလိုက်ကာ Tetsuji HIRATSUKA (JPN)၊ Marcus BOTH (AUS)၊ Ben FOX (USA)တို့ကလည်း သုံးရက်ပေါင်း ၁၄ ချက်စီ လျော့ရိုက်ကြပြီး ရိုက်ချက် ၂၀၂ ချက်စီဖြင့် တတိယလိုက်နေသည်။

မြန်မာနိုင်ငံမှ သိန်းဇော်မြင့်က သုံးရက်ပေါင်း ၅ ချက်လျော့ရိုက်ပြီး ရိုက်ချက် ၂၁၁ ချက်၊ ဇော်မိုးက သုံးရက်ပေါင်း ၂ ချက် လျော့ရိုက်ပြီး ရိုက်ချက် ၂၁၄ ချက် ရရှိကြသည်။

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၇ နာရီတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ZAYKABAR MYANMAR OPEN ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့(၁၈) ကျင်းပြိုင်ပွဲအပြီးတွင် Scott HEND (AUS) က ဦးဆောင်ကစားနေစဉ်။

(ဂေါက်သီးအဖွဲ့ချုပ်)

အူလ်ဆန်တက္ကသိုလ်အသင်း၏ ထိုးဖောက်မှုကို မြန်မာယူ-၂၃ နောက်ခံလူများ ဖျက်ထုတ်နေစဉ်။

မြန်မာယူ-၂၃ အသင်းနှင့် အူလ်ဆန်တက္ကသိုလ်တို့ သရေကျ

ရန်ကုန် ဖေဖော်ဝါရီ ၄

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းနှင့် တောင်ကိုရီးယားနိုင်ငံမှ အူလ်ဆန်တက္ကသိုလ်အသင်းတို့၏ ခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီတွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲ ဖြစ်သွားသည်။

မြန်မာယူ-၂၃ - တစ်ဂိုး
(ရဲဇော်ထက်အောင်)
အူလ်ဆန်တက္ကသိုလ် - တစ်ဂိုး
(လီဂျေးဝူ)

ပထမနေ့ပွဲက ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ကာ ပွဲထွက်လာသည့် မြန်မာယူ-၂၃ အသင်းမှာ ထင်သလောက် ခြေစွမ်းပြနိုင်ခြင်းမရှိပေ။ နှစ်သင်းစလုံး ကလည်း အနိုင်ရရှိရေးထက် ကစားသမားများ ကစားကွက်နှင့် အံဝင်အောင်နှင့် နည်းဗျူဟာများစမ်းသပ်ခဲ့ရာပွဲမှာ ထင်သလောက် အကြိတ်အနယ်မဖြစ်ခဲ့ပေ။ ပထမပိုင်းတွင် မြန်မာယူ-၂၃ အသင်းက ပိုဖိကစားနိုင်သော်လည်း တိုက်စစ်တွင် နားလည်မှုလွဲနေ၍ ထိရောက်သည့် ဂိုး သွင်းခွင့်မရရှိဘဲ ဂိုးမရှိ သရေဖြစ်နေသည်။ ဒုတိယပိုင်းတွင် အမာခံကစားသမားများ ထည့်သွင်းလာသောကြောင့် မြန်မာယူ-၂၃ ကစားပုံ ပိုကောင်းလာပြီး မိနစ် ၆၀ တွင် ရဲဇော်ထက်အောင်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ အူလ်ဆန်တက္ကသိုလ်အတွက် ချေပဂိုးကို ၆၅ မိနစ်တွင် လီဂျေးဝူက ထောင့်ကန်ဘောမှ တစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။

၅-၂-၂၀၁၂
MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်-၅
(YUSC ကွင်း)
ရန်ကုန် - မကွေး
(မုံရွာကွင်း)
ဇေယျာရွှေမြေ - ဟံသာဝတီ
(ပဒုမ္မာကွင်း)
ရောဝတီ - နေပြည်တော်
(အောင်ဆန်းကွင်း)
ရက္ခပူရ - မနောမြေ

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

၂၀၁၂ ခုနှစ် မြန်မာအိုးပင်း တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၂ ခုနှစ် မြန်မာအိုးပင်း တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးမောင်မောင်လွင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် အမှုဆောင်ဦးမျိုးမင်းအောင်နှင့် ဦးသက်လင်းတို့က ပထမမှဒသမအထိ ဆုရရှိကြသော စစ်တုရင်အားကစားသမားများအား ဆုကြေးများကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ပထမရရှိသော ဌေးမင်းလွင်၊ ဒုတိယရရှိသော အောင်မျိုးလှိုင်နှင့် သန်းမင်းလှိုင်တို့အား TROPHY ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပထမရရှိသော ဌေးမင်းလွင်အား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)**

၂၀၁၂ ခုနှစ် မတ် ၁ ရက်မှစတင်၍ ကျင်းပမည့် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ၌ မြန်မာအိုးပင်းတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် ပထမမှ ဒသမအထိရရှိကြသော ဌေးမင်းလွင်၊ အောင်မျိုးလှိုင်၊ သန်းမင်းလှိုင်၊ ဝင်းထွန်း၊ နေဦးထွန်း၊ ဝင့်သူ၊ ကျော်ကျော်စိုး၊ သူရိန်မောင်၊ မျိုးနိုင်နှင့် ဟန်မင်းစိုးတို့အား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပါရဂူဘွဲ့၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားဝင်းရှိ ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) သိမ်ကျောင်းဓမ္မာရုံ၌ကျင်းပမည် ဖြစ်သည်။

အသင်းသား အသင်းသူများ၊ မြို့နယ်သူ မြို့နယ်သားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်ပြည့် အသင်းဝင်အဘိုး၊ အဘွားများ အမည်စာရင်း၊ ၂၀၁၁ ခုနှစ် ပါရဂူဘွဲ့နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်သားသမီးများစာရင်းကို အထောက်အထားအပြည့်အစုံဖြင့် ဦးစောဝေ(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၀၈၇၀၅၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၆၉၅၂၁၊ ဗိုလ်မှူးစိုးအောင်(ငြိမ်း) ဖုန်း-၀၁-၅၇၀၈၂၁၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၅၀၇၉၂၀၈၊ဦးတင်လှ ဖုန်း-၀၁-၂၂၄၈၂၄ နှင့် ဦးသိန်းညွန့် ဖုန်း-၀၉-၇၃၀၇၇၅၃၇၊ ဦးဝင်းမြင့်(အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၀၅၈၀၆၊ အသင်းရုံး ဖုန်း-၀၁-၂၁၂၅၀၈ နှင့် အသင်းဓမ္မာရုံ ဖုန်း-၀၁-၄၀၁၀၁၄ တို့သို့ ဖေဖော်ဝါရီ ၁၅ ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ထူးချွန်ဆုချီးမြှင့်ပွဲတွင် ဆဋ္ဌမတန်းမှ ဆုရရှိသူ မအေးချမ်းမြေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

◆ **ကျောဖုံးမှ**

ယုံကြည်ရခြင်းကြောင့် စကားမပြောနိုင်သော လူနာတစ်ဦး၏ စိတ်အတွေးများကို ဖတ်ရှုပေးနိုင်စွမ်းရှိသည့် ကိရိယာတစ်မျိုးအား တီထွင်အသုံးပြုနိုင်ရန် သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

ရောဂါဘယတစ်မျိုးမျိုးကြောင့် အသံထွက်စနစ်ပျက်စီးကာ စကားပင်မပြောနိုင်သော လူနာထောင်ပေါင်းများစွာတို့အတွက် အဆိုပါကိရိယာများ တီထွင်ပေးနိုင်မည်ဆိုပါက အကျိုးအမြတ်ကောင်းစွာ ဖြစ်ထွန်းမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ကာလီ ဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။

စကားမပြောနိုင်သော လူနာများအား ဝေါဟာရတစ်ခုတည်းသာ အသံသွင်းထားသော တိပ်ခွေအားဖွင့်ပြကာ ၎င်းတို့ကြားရသည့်အသံကို ဦးနှောက်လှိုင်း လှုပ်ရှားမှုများမှတစ်ဆင့် ခန့်မှန်းခြင်းဖြင့် ဦးနှောက်နှင့် အသံတို့အကြား ဆက်စပ်မှုအား သိပ္ပံပညာရှင်များက စမ်းသပ်လေ့လာခဲ့သည်။ **အင်တာနက်။**



ရှင်မဟာဗုဒ္ဓဃောသရုပ်ပုံတော်နှင့် အခြားဆောင်းပါးများ ထုတ်ဝေ

"သုဝဏ္ဏဘူမိရုပ်ပုံတော်နှင့် အခြားဆောင်းပါးများ" စာအုပ်သည် ဆရာဦးလှသောင်းရေးသည့် စာအုပ်ဖြစ်သည်။ ရှင်မဟာဗုဒ္ဓဃောသကို ဗုဒ္ဓဘာသာဝင်တိုင်းသိကြသည်။ ဆရာတော်အား မွန်လူမျိုး၊ သီဟိုဠ်သား၊ အိန္ဒိယလူမျိုးဟူ၍ သမိုင်းပညာရှင်များအကြားတွင် အချေအတင် ငြင်းခုံနေကြသည်။ ထိုအကြောင်းအရာများကို စာရေးသူက လေ့လာပြုစုပြီး စာဖတ်သူကိုယ်တိုင် ဆုံးဖြတ်နိုင်လောက်သည်အထိ တင်ပြပေးထားသည်။ "ပုဂံဘုရားတို့၏ ရှေးဦးပုံစံဘုရားများ"၊ "အနန္ဒမေတိယ(ပထမဆုံး မြန်မာနိုင်ငံမှ အင်္ဂလန်သို့ကြွသော ဗြိတိသျှဘုန်းတော်ကြီး)" စသော အခြားဆောင်းပါးများလည်း ပါဝင်ပြီး အင်္ဂလိပ်- မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသဖြင့် နိုင်ငံတကာမှ ပညာရှင်များလည်း ဖတ်ရှုနိုင်ပေသည်။ ထိုစာအုပ်ကို မိုးကျော်သူစာပေ ဖုန်း-၃၈၄၂၁၉ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိထားသည်။

ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲနှင့် ရှုထောင့်စုံ(၂)

Global Panorama တွင် ဦးကိုကိုလှိုင်နှင့် ဦးမျိုးမြတ်သူတို့ ဆွေးနွေးချက်များကို စုစည်းထားသည့် ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲနှင့် ရှုထောင့်စုံ(၂) စာအုပ်ထွက်ရှိလာသည်။

ယင်းစာအုပ်တွင် နျူကလီးယားပြဿနာ၊ အာဆီယံ၊ အာရှဒေသနှင့် အမေရိကန်ဆက်ဆံရေး၊ အာဖဂန်နစ္စတန် ရွေးကောက်ပွဲနှင့် အလားအလာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နောက်ခံပထဝီဝင် စသည့် ဆွေးနွေးချက်များ ပါရှိသည်။

ယင်းစာအုပ်ကို မြဝတီစာပေတိုက်က ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ငှက်ကလေး၏ တေးချိုချိုကဗျာများ စာအုပ်ထုတ်ဝေ

ကဗျာရေးသက်နှစ်ပေါင်း ၅၀ ပြည့်ခဲ့ပြီဖြစ်သော အမျိုးသားစာပေဆုရ ကဗျာဆရာပျဉ်းမနားမောင်နီသင်း၏ လက်ရွေးစင် ကဗျာပုဒ်ရေ ၁၀၇ ပုဒ်ကို စုစည်းထားသည့်ငှက်ကလေး၏ တေးချိုချို ကဗျာပေါင်းချုပ်စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။ ပညာရေးဝန်ထမ်းအဖြစ် နှစ်ပေါင်း ၄၀ နီးပါး တာဝန်များကို ထမ်းဆောင်ရင်း မြန်မာနိုင်ငံဒေသအနှံ့ ခြေဆန့်ရောက်ရှိခဲ့သူတစ်ဦး၏ ဘဝအတွေ့အကြုံ၊ ဘဝအတွေးအမြင်၊ ဘဝဝန်းကျင်ဆိုင်ရာ စေတနာ မေတ္တာ ကရုဏာရှုခင်းများကို ဖတ်ရှုခံစားရမည် ဖြစ်သည်။ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် (၁) ၅၂၉/ ၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၄၅၃၂၊ ၀၉-၇၃၂၀၁၉၂၂ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) အလက(၁)နှင့် ရန်ကင်းကြေးအိုးကြား သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၁၁နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

ကာယဗလချန်ပီယံများ

ကမ္ဘာ့ကာယဗလလောကတွင် ရောင်းအကောင်းဆုံးဖြစ်သည့် Book of Champions စာအုပ်အား မူရင်းစာရေးဆရာ Joe Wuebben က ရေးသားပြုစုခဲ့သည်။ ယင်းစာအုပ်အား ဒေါက်တာနိုင်ဝေဝင်း (မန်းရာပြည့်မောင်)က မြန်မာလူငယ် ကာယဗလသမားများ လေ့လာပြီး နည်းနာအတုယူနိုင်ရန် ထပ်မံပြီး ဘာသာပြန်ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။

စာအုပ်ထဲတွင် နှစ်ပေါင်း (၄၀)ကျော် စုဆောင်းလာခဲ့သည့် မောင်အိုလံပီယာများ၏ လေ့ကျင့်နည်းစနစ် လျှို့ဝှက်ချက် (၈၀)ကျော်နှင့်အတူ ကစားနည်း (၆၅)မျိုးကျော်အတွက် တစ်ဆင့်ချင်း လမ်းညွှန်ချက်များ ပြည့်ပြည့်စုံစုံပါဝင်ပါသည်။

ပတ္တမြားငမောက်စာပေအမှတ် (၁၆၈)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၈၆၄၀၈မှ ကျပ် ၂၅၀၀ ဖြင့် အားကစားခန်းမ Gym များနှင့်တစ်ပြည်လုံးသို့ ဖေဖော်ဝါရီလတွင် ဖြန့်ချိထားသည်။

Desktop နှင့် Laptop များအတွက် အခြေခံသိသင့်စရာများ

ဆရာသန်းထိုက်(ရွှေရိပ်)ပြုစုရေးသားသော Desktop နှင့် Laptop များအတွက် အခြေခံသိသင့်စရာများ စာအုပ်ထွက်ရှိလာသည်။ကွန်ပျူတာတစ်လုံးအကြောင်း အသေးစိတ်ရှင်းပြမှုများနှင့် နည်းပညာအသစ်အဆန်းများအကြောင်း သိထားသင့်စရာ အာမခံပေးထားမှုများနှင့် ထိန်းသိမ်းပုံများ ပါဝင်သည့် အခြေခံအကျဆုံး နည်းပညာစာအုပ်ဖြစ်သည်။ ကွန်ပျူတာတစ်လုံးတွင်ပါဝင်သော Hardware များကို Desktop နှင့် Laptop များအဖြစ် အုပ်စုခွဲကာ လိုတိုရှင်းရှင်းပြထားသည်

ကွန်ပျူတာပိုင်ဆိုင်ထားသူတိုင်း ကြုံတွေ့တက်သော ပြဿနာများကိုလည်း ထည့်သွင်းရှင်းပြထားသည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ် (၃၉)လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅ မှ ဖြန့်ချိလိုက်သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် M.Sc (Geology), M.Sc (Maths) M.Sc (Chemistry), M.Sc (Physics) နှင့် M.A (English) ဘွဲ့ရများသည် သရုပ်ပြ လစာနှုန်း(၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနေရာများ၌ အလုပ်လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ/သတ်မှတ်ချက်များ ပူးတွဲတင်ပြ၍ နီးစပ်ရာနည်းပညာ တက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် ၂၉-၂-၂၀၁၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

- (က) (၆)လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊
- (ခ) ဘွဲ့လက်မှတ်မိတ္တူ (တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် မူရင်းတင်ပြနိုင်ရမည်။)
- (ဂ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်၊
- (ဃ) ဝန်ထမ်းစာချုပ်ချုပ်ဆိုနိုင်ရမည်၊
- (င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာ၊
- (စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ
- (ဆ) အသက်ကန့်သတ်ချက်မှာ လျှောက်ထားသည့်နေ့တွင် အသက်(၂၈)နှစ်ထက်မကြီးစေရ၊
- (ဇ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၃။ လျှောက်ထားသူသည် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်ပါက လူတွေ့စစ်ဆေးခြင်းခံရမည်။

၄။ အောင်မြင်သူ M.Sc (Geology) ဘွဲ့ရများသည် အင်ဂျင်နီယာ ဘူမိဗေဒဘာသာရပ်များကို ကောင်းစွာသင်ကြားပေးနိုင်ရန် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် (၁)လ သင်တန်းတက်ရောက်ရမည်။

၅။ အောင်မြင်သူ M.Sc (Geology) ဘွဲ့ရများသည် အလုပ်ဝင်ရောက်ပြီးနောက် ဝန်ကြီးဌာန၏ အခါအားလျော်စွာကျင်းပသော အရည်အချင်းစစ်စာမေးပွဲအောင်မြင်ပါက ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ဖွင့်လှစ်သော ဘွဲ့လွန်အင်ဂျင်နီယာ ဒီပလိုမာနှင့် မဟာအင်ဂျင်နီယာဘူမိဗေဒသင်တန်းသို့ တက်ရောက်ခွင့်ရှိမည်ဖြစ်သည်။

၆။ အသေးစိတ်သိလိုပါက နီးစပ်ရာနည်းပညာတက္ကသိုလ်/ ကောလိပ်/ သိပ္ပံများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဘွဲ့ရရှိသော အင်ဂျင်နီယာ/ဗိသုကာနှင့် မဟာအင်ဂျင်နီယာ/ မဟာဗိသုကာများသည် သရုပ်ပြ လစာနှုန်း (၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနေရာများ၌ အလုပ်လျှောက်ထားနိုင်ပါသည်-

- (က) Civil
- (ခ) Electronics
- (ဂ) Electrical Power
- (ဃ) Mechanical
- (င) Mechatronics
- (စ) Architecture
- (ဆ) Metallurgy

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ/ သတ်မှတ်ချက်များ ပူးတွဲတင်ပြ၍ နီးစပ်ရာ နည်းပညာတက္ကသိုလ်/ ကောလိပ်/သိပ္ပံများတွင် ၂၉-၂-၂၀၁၂ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

- (က) (၆)လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊
- (ခ) ဘွဲ့လက်မှတ်မိတ္တူ (တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် မူရင်းတင်ပြနိုင်ရမည်။)
- (ဂ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
- (ဃ) ဝန်ထမ်းစာချုပ် ချုပ်ဆိုနိုင်ရမည်။
- (င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာ
- (စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ
- (ဆ) အသက်ကန့်သတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။
  - (၁) မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့ရများသည် လျှောက်ထားသည့်နေ့တွင် အသက် (၂၈)နှစ်ထက်မကြီးရ၊
  - (၂) အင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့ရများသည် လျှောက်ထားသည့်နေ့တွင် အသက်(၂၅)နှစ် ထက်မကြီးရ၊
- (ဇ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၃။ မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့ရများသည် အလုပ်ဝင်ရောက်ပြီးနောက် ဝန်ကြီးဌာန၏ အခါအားလျော်စွာ ကျင်းပသော အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက ပါရဂူဘွဲ့သင်တန်းများသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

၄။ အင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့ရများသည်လည်း အလုပ်ဝင်ရောက်ပြီးနောက် ဝန်ကြီးဌာန၏ အခါအားလျော်စွာ ကျင်းပသော အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက မဟာဘွဲ့သင်တန်းများသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

၅။ အသေးစိတ်သိလိုပါက နီးစပ်ရာ နည်းပညာတက္ကသိုလ်/ ကောလိပ်/ သိပ္ပံများတွင် ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကျေးဇူးဆပ်ပါမည်

ကျွန်မ မစုမြတ်ဆွေ၏ PP- M 175509 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၆၈၉၂၇

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ အမှတ်-၁/၂၀၁၂ အရ ကျောက်ဆည်မြို့၊ မြဘုရင်နို့ချက်စက်ရုံ ပိုင်ရှင် **ဒေါ်မြရင်**အား **သုဓမ္မသီဂီ**ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဦးတင်အောင်-ဒေါ်ငြိမ်းငြိမ်း (မိုး ချိုချဉ်မိသားစု)
မြဘုရင်နို့ဆီဖြန့်ချိရေး၊ ညောင်လေးပင်မြို့။

မသန်စွမ်းသူများအတွက် (အထူး)အခွင့်အရေးကောင်း
အသက်မွေးဝမ်းကျောင်းပညာသင်တန်းသား/သူခေါ်ယူခြင်း

အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း AAR JAPAN မှ အဆင့်မြင့် ဂျပန်နည်းပညာ စက်ချုပ်၊ ဆံသ အလှပြုပြင်ခြင်းနှင့် ကွန်ပျူတာသင်တန်းများကို တစ်နှစ်လျှင် (၃) ကြိမ် အခမဲ့ ဖွင့်လှစ်သင်ကြားလျက်ရှိပါသဖြင့် ကိုယ်အင်္ဂါ မသန်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများ (အသက် ၁၈ နှစ်မှ ၄၀ နှစ်အတွင်း) လျှောက်ထားနိုင်ပါသည်။ သင်တန်းကာလအတွင်း အဆောင်တွင် နေထိုင်နိုင်သူဖြစ်ရမည်။ သင်တန်းကြေး၊ နေထိုင်စားသောက်စရိတ်နှင့် သင်တန်းသား/သူများအတွက် အသွားအပြန် အနည်းဆုံးခရီးစရိတ်ကို AAR JAPAN မှ စရိတ်ငြိမ်းတာဝန်ယူပါမည်။ သင်တန်းသား/သူ တစ်ဦးချင်းစီ၏ မသန်စွမ်းမှု အလိုက် ဆရာ/မများနှင့် အဆောင်မှူးများမှ ကြီးကြပ်သင်ကြားလျက်ရှိပါသည်။ လျှောက်လွှာများကို AAR JAPAN အသက်မွေးဝမ်းကျောင်းတွင် အခမဲ့ ရယူ နိုင်ပါသည်။

လျှောက်လွှာများကို တစ်နှစ်ပတ်လုံးလက်ခံလျက်၊ အပတ်စဉ်တိုင်းတွင် ထည့်သွင်းစဉ်းစားပေးပါသည်။

ဒုတိယအပတ်စဉ် ၂၀၁၂ ခုနှစ် သင်တန်းအတွက်

လျှောက်လွှာပိတ်မည့်ရက် - ၂၉ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၂ ခုနှစ်။
သင်တန်းကာလ - ၂၀၁၂ ခုနှစ်၊ မေလ (၂) ရက်မှ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့ထိ။

ဆက်သွယ်စုံစမ်းရန်လိပ်စာ - မသန်စွမ်းသူများအတွက် သက်မွေးလုပ်ငန်း ပညာသင်ကျောင်း
AAR(JAPAN) အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံရှေ့၊ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၆၁၇၁၂ AAR JAPAN

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအတွက်
စက်ပစ္စည်းများနှင့် ပရိဘောဂများ ဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါစက်ပစ္စည်းများနှင့် ပရိဘောဂများကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၁။	Desktop Computer	(၁၀)လုံး
၂။	UPS	(၁၀)လုံး
၃။	Paper Shredder	(၂)ခု
၄။	Steel Almirah	(၁၀)လုံး
၅။	Computer Table & Chair	(၁၀)စုံ

၂။ အိတ်ဖွင့်တင်ဒါ ပုံစံများကို ၆-၂-၂၀၁၂ ရက်မှ ၈-၂-၂၀၁၂ ရက်အထိ နေ့စဉ် နံနက်၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၂-၂၀၁၂ ရက် မွန်းလွဲ ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါ အဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလ ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ၃၂၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၃၂၂

မင်္ဂလာ-နားအလှပြုပြင်ရေး Ph: 01-299839, 09-5199207,09-5179024

- ခေတ်မီမနာမကျင်သောနည်းဖြင့် နားဖောက်သည်၊ ပိတ်သည်။
- နားပေါက် (အဟောင်း၊ အကျယ်၊ အပြတ်နှင့် ပုံမကျသောနားပေါက်) များကို မနာမကျင်သောနည်းဖြင့် နဂိုအတိုင်းဖြစ်အောင် သေသပ်လှပစွာ ပြုပြင်ပေးပါသည်။
- နားသီးများကိုမခွဲစိတ်ရဘဲ နဂိုအတိုင်းဖြစ်အောင်ပြုပြင်ပေးပါသည်။

အမှတ်(၂)၊ဇီဇဝါလမ်း၊ ရေကျော်ဈေးအနီး၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုရဲအုပ်လောင်းများအလိုရှိသည်

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လစာနှုန်းကျပ် (၅၃၀၀၀-၁၀၀၀-၅၈၀၀၀)ဖြင့် ဒုရဲအုပ်ရာထူးအတွက် လျှောက်လွှာများ အလိုရှိသည်။

၂။ ရွေးချယ်ခြင်းခံရသူများသည် ဒုရဲအုပ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးသောအခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ဒုရဲအုပ်အဖြစ် ခန့်ထားခြင်းခံရပါမည်။

၃။ လျှောက်ထားသူသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား(အမျိုးသား)ဖြစ်ရမည်။
- (ခ) ၁-၂-၂၀၁၂ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၇)နှစ်ထက်မကြီးစေရ။ (ပြည်ထဲရေးဝန်ကြီးဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) အရပ်(၅)ပေ (၃)လက်မနှင့် အထက်ရှိရမည်။ ရင်အုပ်နဂိုနေ(၃၂)လက်မနှင့် ကိုယ်အလေးချိန် အနည်းဆုံး (၁၁၀)ပေါင်နှင့်အထက်ရှိရမည်။
- (ဃ) အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှအနည်းဆုံးဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ (ဘွဲ့လက်မှတ်တင်ပြရမည်။)
- (င) မျက်မှန်တပ်ဆင်ထားသူများလျှောက်ထားရန်မလိုပါ။

၄။ လျှောက်ထားသူများအား ရေးဖြေစာမေးပွဲဖြေဆိုစေပြီး ဖြေဆိုအောင်မြင်မှသာ စိတ်ဓာတ်စစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်မည်။ စိတ်ဓာတ်စစ်ဆေးခြင်းနှင့် ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းများအတွက် ပဏာမဆေးစစ်ခြင်းခံရမည်ဖြစ်ပြီး ဆေးစစ်အောင်မြင်မှသာ ဆက်လက်ဖြေဆိုခွင့်ပြုမည်။

၅။ သတ်မှတ်ထားသောလျှောက်လွှာပုံစံကို တစ်စောင်လျှင် ကျပ်(၅၀၀)နှုန်းဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးများမှ ဝယ်ယူနိုင်သည်။ ယင်းသတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားခြင်းကိုသာ လက်ခံမည်။

၆။ လျှောက်လွှာပုံစံနှင့်အတူ-

- (က) ဘွဲ့လက်မှတ်မိတ္တူ
- (ခ) အသက်အတွက် (၁၀)တန်းအောင်လက်မှတ်မိတ္တူ
- (ဂ) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်
- (ဃ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ
- (င) သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းမှ ၂၉-၂-၂၀၁၂ရက်ထိ နောက်ဆုံးရရှိသည့်အကျင့်စာရိတ္တထောက်ခံချက်မူရင်း။
- (စ) ကျန်းမာရေးအတွက်ဆေးစစ်ချက်မူရင်း
- (ဆ) အခြားဘာသာစကားများတတ်ကျွမ်းမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းရှိလျှင် မိတ္တူဖြင့်တင်ပြရန်
- (ဇ) အလုပ်သမားမှတ်ပုံတင်မိတ္တူတို့ ပူးတွဲပါရှိရမည်။

၇။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာကို ဒုရဲအုပ်လောင်း လျှောက်လွှာစိစစ်ရေးအဖွဲ့သို့ လိပ်မူပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသို့ ၂၉-၂-၂၀၁၂ရက်တွင် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၈။ ဝန်ထမ်းများသည် မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်လွှာကို လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်မိတ္တူ(၁)စောင်ကို ဒုရဲအုပ်လောင်းလျှောက်လွှာစိစစ်ရေးအဖွဲ့သို့ လိပ်မူပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသို့ ၂၉-၂-၂၀၁၂ရက်တွင် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၉။ စာရွက်စာတမ်းအချက်အလက်ပြည့်စုံမှုမရှိသော လျှောက်လွှာများ၊ သတ်မှတ်ရက်ထက် နောက်ကျပြီးမှ ရောက်လာသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲဖြေဆိုခြင်းအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများမှ သတ်မှတ်သည့်စာစစ်ဌာနများတွင် ၁၀-၃-၂၀၁၂ရက်(စနေနေ့)တွင်ဖြေဆိုရမည်။

၁၁။ လူတွေ့စစ်ဆေးသည့်အခါ အသက်စိစစ် အတည်ပြုနိုင်ရန်အတွက်(၁၀)တန်းအောင်လက်မှတ်မူရင်းပြသနိုင်ရမည်။

ဖိတ်ကြားလွှာ

သခင်ဘိုးလှကြီး စက်မှုလက်မှု သိပ္ပံ(ချောက်)မှ သက်ပြည့်အငြိမ်းစားယူသွားကြသည့် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား/ကျောင်းသူဟောင်းများ၏ ကျန်းမာရေး စောင့်ရှောက်မှုကော်မတီက ဂါရဝပြုပူဇော်ပွဲနှင့် ရန်ပုံငွေထည့်ဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ရက်၊ (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀နာရီ
နေရာ - အဘိဓမ္မာ ရတနာဃရ ဓမ္မဗိမာန်တော်၊ ၃လမ်းမှတ်တိုင်အနီး၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အခမ်းအနားဖြစ်မြောက်ရေးကော်မတီ

အမည်ပြောင်း

ဦးအောင်ဝင်းစိုး[၁၄/ကပန(နိုင်)၀၀၀၆၆၉] ၏သား မောင်စိုးလင်းဦးအား မောင်ကျော်သီဟဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်သီဟ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၁၀၇၂)၊မြေကွက်တည်နေရာအမှတ် ၁၀၇၂၊ ကင်းဝန်လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက် (ဒေါ်ကြည်ကြည်စိန်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်စိန် ကွယ်လွန်သဖြင့် ဦးစောကျော်အေး [၁၂/ပဘတ(နိုင်)၀၀၇၆၈၇]က ခင်ပွန်းတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ (၁)အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်၊ (၂)အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

[illegible]

လက်လှမ်းမီသမျှနိုင်ငံများမှ ဥပဒေများကို လေ့လာ၍ စာပေစာနယ်ဇင်းဥပဒေကို ရေးဆွဲနေ

မိမိတို့ ရေးဆွဲနေသည့် ဥပဒေသည် အာဆီယံနိုင်ငံများစံထက် မနိမ့်ကျ

ရန်ကုန် ဖေဖော်ဝါရီ ၄

ဆဋ္ဌမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၁၁) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်အားပေးချီးမြှင့်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားကာ ဆုများကို ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းတို့မှ ဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌနှင့်စာပေဆုကော်မတီဝင်များ၊ စာပေဆုရွေးချယ်ရေးကော်မတီဝင်များ၊ ဆရာဝန်တင်ရွှေ စာပေဆုနှင့် သုတစွယ်စုံစာပေဆုအဖွဲ့ဝင်များ၊ စာပေဆုရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ စာပေသည် နိုင်ငံတကာအတွက်ရော မိမိတို့နိုင်ငံအတွက်ပါ အရေးကြီးသည့် ကဏ္ဍတွင်ပါဝင်ကြောင်း၊ စာပေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ အဆက်ဆက်က အားပေးပံ့ပိုးဖြည့်ဆည်းပေးခဲ့သကဲ့သို့ မိမိတို့အစိုးရအဖွဲ့ကလည်း အားပေးပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုတို့ကို

နိုင်ငံတော်အနေဖြင့် ချီးမြှင့်ပေးလျက်ရှိကြောင်း၊ အမျိုးသားစာပေဆုတွင် ၁၂ မျိုး၊ စာပေဗိမာန်စာမူဆုတွင် ၁၄ မျိုး ချီးမြှင့်လျက်ရှိရာ စာပေဗိမာန်စာမူဆုတွင် ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆုချီးမြှင့်သဖြင့် အမျိုးသားစာပေဆု ၁၂ ဆုနှင့် စာပေဗိမာန်စာမူဆု ၄၂ ဆုချီးမြှင့်နိုင်သည့်အနေအထားဖြစ်ပါကြောင်း။

ယခုနှစ် အမျိုးသားစာပေဆုတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့် စာအုပ်ဆုချီးမြှင့်မှုကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လာမည့်နှစ်များတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့် စာအုပ်များအတွက် ဆုများတိုးမြှင့်ချီးမြှင့်နိုင်ရေးအတွက်လည်း ပညာရှင်များထံမှ အကြံဉာဏ်များ တောင်းခံထားပါကြောင်း။

မိမိတို့နိုင်ငံ၌ တစ်နှစ်လျှင် စာအုပ်ပေါင်း ၄၇၀၀ ခန့်ထွက်ရှိနေပါကြောင်း၊ တစ်အုပ်လျှင် စောင်ရေ ၁၀၀၀ ဖြင့်ဆိုပါက တစ်နှစ်လျှင် အုပ်ရေ လေးသန်းကျော် ထုတ်ဝေလျက်ရှိသည်ဟု ဆိုနိုင်ကြောင်း၊ တစ်နှစ်တစ်နှစ် ထုတ်ဝေသည့်စာအုပ်များနှင့် နှိုင်းယှဉ်ပါက ပေးသည့်ဆုသည် မန့်စပ်ဟုဆိုရမည်ဖြစ်ပါကြောင်း။

စာပေဆုချီးမြှင့်ရာတွင် လိုအပ်နေသည့် ကွက်လပ်တစ်ခုကို ထွန်းဖောင်ဒေးရှင်းစာပေကော်မတီက ထွန်းဖောင်ဒေးရှင်းစာပေဆုအဖြစ် ချီးမြှင့်ခဲ့ရာ **စာမျက်နှာ ၉ ကော်လံ ၁ သို့❖**

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း ဆဋ္ဌမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၁၁) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဤကဲ့သို့ ဦးနှောက်ထိခိုက်ခံထားရသည့် လူနာများ၏ စိတ်အတွေးကို ဖတ်ရှုဘာသာပြန်ပေးနိုင်မည့် စက်ကိရိယာမှာ အနာဂတ်တွင် အမှန်တကယ် အသုံးပြုနိုင်တော့မည်ဖြစ်သည်။

လူ့စိတ်အတွေးကို ဖတ်ရှုနိုင်သည့်ကိရိယာ အနာဂတ်၌ အမှန်တကယ် အသုံးပြုလာနိုင်

ဘာကလေ ဖေဖော်ဝါရီ ၄

ဦးနှောက်ထိခိုက်ခံထားရသော လူနာများ၏ စိတ်အတွေးများအား ဖတ်ရှုဘာသာပြန်ပေးနိုင်မည့် စက်ကိရိယာတစ်မျိုးကို မကြာမီကာလအတွင်း အမှန်တကယ် အသုံးပြုလာနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်။

ဦးနှောက်မှ ထွက်ပေါ်လာသော လှိုင်းများကို အဓိပ္ပာယ်ဖော်ပေးခြင်းဖြင့် လူနာပြောကြားလိုသည့် စကားများအား ဘာသာပြန်ဖော်ထုတ်ပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက သက်သေပြခဲ့ပြီးဖြစ်သည်။

စကားလုံးဝေါဟာရများကို ဦးနှောက်က အစိတ်စိတ်အပိုင်းပိုင်းခွဲခြမ်းကာ ရှုပ်ထွေးသော လျှပ်စစ်ဓာတ်ဆောင် လှုပ်ရှားမှုပုံစံတစ်ခုအဖြစ် ပြောင်းလဲပေးတတ်ကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်ဆောင်လှုပ်ရှားမှုပုံစံကို အဓိပ္ပာယ်ဖော်၍ မူရင်းအသံနှင့် အနီးစပ်ဆုံးဖော်ထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်။

လူ့ဦးနှောက်သည် စိတ်အတွေးကို အသံအဖြစ် ပြောင်းလဲပေးတတ်ကြောင်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့◆**

နိုင်ငံတကာအားကစားသတင်း

ပွဲစဉ်တစ်ပွဲတွင် လူစားလဲခွင့် လေးယောက်အထိ ဖီဖာခွင့်ပြုဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာ(FIFA)သည် ပွဲစဉ်တစ်ပွဲတွင် လူစားလဲလှယ်ခွင့်ကို သုံးယောက်သာ သတ်မှတ်ထားခဲ့ရာမှ ယခုအခါ လေးယောက်အထိ ခွင့်ပြုဖွယ်ရှိကြောင်း အင်္ဂလန်အခြေစိုက် သတင်းဌာနများက သတင်းဖော်ပြခဲ့သည်။

သို့သော် ယင်းကဲ့သို့ လူစားလဲလှယ်ခွင့်ကို သာမန်ပွဲစဉ်များတွင် အသုံးမပြုနိုင်ဘဲ အနိုင်အရှုံးရလဒ်အဖြေပေါ်အောင်ကစားရမည့် ရှုံးထွက်(သို့မဟုတ်) ဆုဖလားရယူနိုင်မည့် ဖိုင်နယ်ပွဲစဉ်များတွင်သာ အသုံးပြုခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရှုံးထွက်ပွဲစဉ်များအတွင်း ပွဲပြီးချိန်တွင် သရေရလဒ်သာရရှိခဲ့ပါက အချိန်ပိုဆက်လက်ကစားရမည် ဖြစ်သဖြင့် မောပန်းနွမ်းနယ်နေသည့် ကစားသမားများကိုလဲလှယ်နိုင်ရန်အတွက် ရည်ရွယ်ကြောင်းလည်း ဆိုသည်။

ယင်းကဲ့သို့ လူစားထိုးလဲလှယ်ခွင့်ကိစ္စနှင့်ပတ်သက်၍ ဖီဖာနှင့် နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်တို့ မတ်လ ၃ ရက်တွင် ဆွေးနွေးကြမည်ဖြစ်သည်။ ယင်းအပြင် ဂိုးလိုင်းနည်းပညာနှင့် ဒိုင်လူကြီးငါးဦးထားရှိမည့် အစီအစဉ်ကိုပါ ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။ **အင်တာနက်။**

ယနေ့ သတင်း အညွှန်း

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ထုတ်ပေးခြင်းများ လုပ်ဆောင်သွားဦးမည်

ပြည်တွင်းသတင်း စာမျက်နှာ - ၂

မြန်မာ့ပင်လယ်ပြင်၌ ငါးသယံဇာတ ပြုန်းတီးမှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ရန်လို

ပြည်တွင်းသတင်း စာမျက်နှာ - ၃

မြန်မာ ယူ-၂၃ အသင်းနှင့် အူလ်ဆန်တက္ကသိုလ်တို့ သရေကျ

ပြည်တွင်းအားကစားသတင်း စာမျက်နှာ - ၁၀

ရုရှားနှင့် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ ဒုံးလက်နက်ကာကွယ်ရေး စစ်ရေးလေ့ကျင့်မည်

နိုင်ငံတကာသတင်း စာမျက်နှာ - ၇

ကြော်ငြာအချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။